# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
## နဝမနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး နဝမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၈၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေ ထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ ၁၅-၂-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင်ဖြစ်တဲ့ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေးစစ်ဆေးရန်။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)၊ ကျန်းမာရေးနဲ့ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၃)ဦးနဲ့ ယနေ့ခွင့်ပန်ကြားသူ (၅)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၁၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ် ရှင်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။**　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။**　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**လေလွင့်လူငယ်များအား ပြုပြင်ထိန်းသိမ်းခြင်းနှင့် တာဝန်ပေးထမ်းဆောင်စေခြင်းတို့ဖြင့် အသွင်ပြောင်းကာ အနာဂတ်နိုင်ငံတော်၏ သားကောင်းများအဖြစ် ဖန်တီးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်) က လေလွင့်လူငယ်များအား ပြုပြင်ထိန်းသိမ်းခြင်းနှင့် တာဝန်ပေး ထမ်းဆောင်စေခြင်းတို့ဖြင့် အသွင်ပြောင်းကာ အနာဂတ်နိုင်ငံတော်၏ သားကောင်းများအဖြစ် ဖန်တီး ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်အပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြစေရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဟာ ယနေ့လူငယ်၊ နောင်ဝယ်လူကြီး ဖြစ်လာကြမယ့် မျိုးဆက်သစ် လူငယ်များအပေါ်မှာ များစွာသော မျှော်လင့်ချက်များထားရှိပြီး သားကောင်းတစ်ယောက်

ကျောက်ကောင်းတစ်စေ့ပမာ အားကိုးအားထားပြုတဲ့ဆန္ဒ အပြည့်အ၀ ရှိပါတယ်။ အနာဂတ်ရဲ့ ခေါင်းဆောင်ကောင်းများဖြစ်လာဖို့ မျှော်လင့်ရင်း နိုင်ငံ့အင်အားအဖြစ် ယုံကြည်ကိုးစားခဲ့ပါတယ်။ ဒီနေရာမှာ နိုင်ငံတော်တည်ဆောက်ရေးနဲ့ ကာကွယ်ရေးအတွက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း က အရွယ်ရောက်သူတိုင်း စစ်မှုထမ်းရန် လိုအပ်မည်ဖြစ်ကြောင်း တစ်ချိန်တစ်ခါက ညွှန်ကြားခဲ့ရုံမက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အပိုဒ် ၃၈၆ အရလည်း နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ စစ်ပညာသင်ကြားရေးနဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိ ကြောင်းဖော်ပြထား ပါတယ်။ ဒါပေမဲ့ ဒီနေ့လူငယ်ထုအကြားမှာတော့ နိုင်ငံတော်ရဲ့ မျှော်လင့်ချက်တွေကို သွေဖယ်ရင်း လေလွင့်ဆိုးသွမ်းပြီး မူးယစ်ရမ်းကားဆိုးတေနေတဲ့ လူငယ်တွေ အများအပြား ပေါ်ပေါက် နေပါတယ်။ တစ်နေ့တခြား အန္တရာယ်ကြီးမားကာ ဥပဒေနဲ့မညီတဲ့ လုပ်ဆောင်မှုတွေ ကျူးလွန်နေကြတာလည်း စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိနေရပါတယ်။

ဒါပေမဲ့ အလိမ္မာစာမှာရှိ ဆိုစကားအရ ပညာရှာကြရမယ့်အရွယ်မှာ မြန်မာနိုင်ငံရဲ့ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ လူဦးရေ(၅၁,၄၈၆၂၅၃)ကျော်ရှိတဲ့အထဲမှာ ကျောင်းနေတဲ့သူ အသက် (၅)နှစ်မှ (၂၀)နှစ်အကြား (၈,၄၆၁၄၇၇)၊ကျောင်းတက်ဖူးသူ(၂၉,၄၅၀၃၃၇)နဲ့ ကျောင်းလုံး၀ မနေဖူးသူ (၅,၆၀၅၃၃၃) ကျော်ရှိကြောင်း သိရှိရပါတယ်။ ကျောင်းနေရမယ့်အရွယ်မှာ ကျောင်းလုံး၀ မနေဖူးသူ (၅) သန်းကျော်ရှိနေတော့ ဒီလူငယ်လေးတွေ လူ့ဘဝမှာ ဘယ်လိုရှင်သန် ရပ်တည်နေကြပါသလဲ။ မြန်မာနိုင်ငံမှာ သက်ငယ်ကလေးအလုပ်သမားများ မရှိစေရဆိုတဲ့ ဥပဒေပြဋ္ဌာန်းချက်လည်းရှိနေ ပါတယ်။ ဒီနေရာမှာ အခြေအနေအမျိုးမျိုးနဲ့ ဝမ်းရေးပြဿနာအတွက် ကြုံရာကျပန်း ဖြတ်သန်းရင်း ဝမ်းတစ်ထွာ အရေး ဖြေရှင်းနေကြရတာလည်း တွေ့ရှိရပါတယ်။ တချို့က မိဘစုံလင်ပေမယ့် ဆင်းရဲနုံချာလှတဲ့ ဘဝမှာရှိနေကြပြီး အချို့ကတော့ မိဘမဲ့ ခိုကိုးအားထားရာမရှိ၊ အဘိုးအဘွား သက်ကြီးရွယ်အိုများနဲ့ မတည်ငြိမ်တဲ့ဘဝမှာ နေထိုင်ကြရတော့ ဒီလို ဘဝအာမခံချက်လုံး၀မရှိတဲ့ လူငယ်၊ လူရွယ်တွေအတွက် အလွယ်ကူဆုံးကိုရလွယ်တဲ့ ဒုစရိုက်လောကဆီ ဦးတည်နေကြတာ ကြားသိနေကြပါတယ်။ လူငယ်တွေ ဟာ ဝမ်းရေးပြဿနာရှာဖွေရင်း ဒုစရိုက်မှုအထွေထွေမှာ ကျင်လည်လာနေကြတော့ နိုင်ငံတော်ရဲ့ အနာဂတ်ရည်ရွယ်ချက်များ ပျက်ပြားစေပြီး တစ်နေ့တခြား ပြည်သူတွေရဲ့ ဘဝလုံခြုံမှုတွေပါ အနှောင့်အယှက် အန္တရာယ်ပေး ကျရောက်လာစေတာ ရင်မောစွာ တွေ့ကြုံနေရပါတယ်။

ဒီကနေ့ ဆိုးသွမ်းလူငယ်တွေ ပြုပြင်ထိန်းသိမ်းရေးဟာ အရေးတကြီးလိုအပ်လာနေပြီး စနစ်တကျ ကိုင်တွယ်ဖြေရှင်းပေးဖို့ရန် အချက်ပြမီးမောင်းထိုးပြနေပြီ ဖြစ်ပါတယ်။ ဆိုးသွမ်းသူကို ယဉ်ပါးအောင်၊ အသိတရားရရှိစေတဲ့ ပညာသင်ကြားဖို့လိုအပ်ပါတယ်။ ပညာတတ်မှ လူ့ဘဝအတွက် ယဉ်ကျေးသိမ်မွေ့လာပြီး အကျင့်စာရိတ္တပြုပြင်ပြောင်းလဲဖို့နဲ့ လူ့တန်ဖိုးကို နားလည်စေမှာ ဖြစ်ပါတယ်။ အခုတော့ စာပေရဲ့ ဆုံးမသွန်သင်မှု ကင်းဝေးနေပြီး အရောင်ဆိုး ခံရတဲ့ဘဝကို နာကြည်းခါးသီးစွာ ရင်ဆိုင်ရင်း ဆိုးသွမ်းလှတဲ့ ဒုစရိုက်တောဆီ တွန်းပို့နေသလို ဖြစ်နေပါတယ်။ ဥပဒေပြင်ပဆီ တိုးဝင်ခြင်း၊ အပြစ်ရှိသူကို အပြစ်ကျူးလွန်လို့ အကျဉ်းစခန်းပို့ဆောင်ခြင်းဟာ လူငယ်တို့ရဲ့ ဘဝပြဿနာ ကို ဖြေရှင်းပေးရာမရောက်ဘဲ ပိုမိုနစ်မွန်းသွားစေပြီး တဖြည်းဖြည်းနိုင်ငံတော်ရဲ့ အနာဂတ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် လူငယ်တွေရဲ့ကဏ္ဍဟာ ဆုံးရှုံးနစ်မွန်းသွားမှာဖြစ်တဲ့အတွက် ဆိုးသွမ်းလူငယ်တွေ

အတွက် လူငယ်ပြုပြင်ထိန်းသိမ်းဖို့၊ မကောင်းကျောင်းပို့ဆိုတဲ့ ရှေးထုံးစကားနဲ့ တုတ်တစ်ချက်၊ မုန့်တစ်ဖက် စနစ်ကျင့်သုံးဖို့ လိုအပ်နေပြီဆိုတာ တင်ပြလိုပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာ အကောင်းဆုံးသင်တန်းကျောင်းတွေကတော့ ကာကွယ်ရေးနဲ့ ပြည်ထဲရေးဝန်ကြီးဌာနတွေက စစ်သင်တန်းကျောင်းနဲ့ ရဲအတတ်သင်တန်းကျောင်း၊ မီးသတ်သင်တန်းကျောင်းတွေဟာ လူငယ်ပြုပြင်ရေးအတွက် အထူးလိုအပ်လှပြီး တန်ဖိုးကြီးမားလှတဲ့ လူငယ်တို့ရဲ့ ဘဝများစွာကို ကယ်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။ လူငယ်တွေကိုယ်တိုင် တာဝန်သိမှု၊ တာဝန်ယူမှု၊ စိတ်ဓာတ်တွေရရှိအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမှာလည်း ဖြစ်ပါတယ်။ လူငယ်တွေကို တာဝန်ပေးထမ်းဆောင်စေခြင်းတို့ဖြင့် အသွင်ပြောင်းကာ အနာဂတ်နိုင်ငံတော်အတွက် သားကောင်းရတနာများအဖြစ် ပုံသွင်းဖန်တီးပေးရန် ဖြစ်ပါတယ်။ အရွယ်မရောက်သေးသူများ စစ်သားစုဆောင်းခြင်းပြဿနာလည်း ပပျောက်သွားမှာဖြစ်ပြီး ပေတေလေလွင့်နေတဲ့သူများလည်း လမ်းမပေါ်မထွက်ရဲတော့ ဘဲ ရှိပါလိမ့်မယ်။ သို့ပါ၍ သက်ဆိုင်ရာမှ လူငယ်ပြုပြင်ရေးကဏ္ဍအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်များ ရှိ/မရှိ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဒေါက်တာဝင်းမြတ်အေး (ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ လေလွင့်လူငယ်များအား ပြုပြင်ထိန်းသိမ်းခြင်းနှင့် တာဝန်ပေးထမ်းဆောင်စေခြင်းတို့ဖြင့် အသွင်ပြောင်းကာ အနာဂတ်နိုင်ငံတော်၏ သားကောင်းများအဖြစ် ဖန်တီးပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ သိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနများနဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့အတွက်ကြောင့် ၎င်းဝန်ကြီးဌာနများရဲ့ သဘောထားများရရှိရေးကိုလည်း ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ လူငယ်သင်တန်းကျောင်းများမှ တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိတဲ့သူတွေကို ရဲလက်စွဲ (ပထမတွဲ)၊ အပိုဒ် ၇၅ မှာ ဖော်ပြပါရှိတဲ့ အရည်အချင်းများနဲ့ကိုက်ညီသူများကို ရဲတပ်သားသစ်များအဖြစ်လည်းကောင်း၊ မြန်မာ

နိုင်ငံ မီးသတ်တပ်ဖွဲ့နည်းဥပဒေ ၁၂ မှာ ဖော်ပြပါရှိတဲ့ အရည်အချင်းနဲ့ကိုက်ညီသူများကို မီးသတ်တပ်သားသစ်များအဖြစ်လည်းကောင်း စိစစ်ရွေးချယ်ပြီး သင်တန်းများပေးကာ လေ့ကျင့်၍ ခန့်အပ်ပေးလျက် ရှိပါတယ်။ ပြည်ထဲရေးနှင့် မီးသတ်ဌာနတို့ရဲ့ ဒီဝင်ခွင့်နဲ့ပတ်သက်ပြီးတော့ သင်တန်းများနှင့်ပတ်သက်ပြီးတော့ စိစစ်ရွေးချယ်ပြီးမှ လေ့ကျင့်ပေးရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လေလွင့်လူငယ်များ တိုက်ရိုက်ဝင်ရောက်ပြီးတော့ ဒီတာဝန်ကို ထမ်းဆောင်ဖို့နဲ့ သင်တန်းတက်ဖို့ရာတော့ ခက်ခဲနေပါသေးတယ်။

ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း လူငယ်များ တပ်မတော်မှာ တာဝန်ထမ်းဆောင်လိုလို့ရှိရင် ကာကွယ်ရေးဌာနကောင်စီ ညွှန်ကြားလွှာအမှတ်၊ ၁၃/၇၃ တပ်မတော် ကြည်း၊ ရေ၊ လေစစ်သည်များအတွက် စစ်မှုထမ်း စည်းမျဉ်းအရ အရည်အချင်းနှင့်ကိုက်ညီပါမှ တာဝန်ထမ်းဆောင်ခွင့်ပေးလျက် ရှိပါတယ်။ တပ်မတော်အနေနဲ့လည်း ၁၉၄၃ ခုနှစ်၊ The Burma Auxiliary Force Act အရ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံမှာ ရဲညွှန့်သင်တန်းများကို ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ၎င်းတို့၏ ဆန္ဒအလျောက် တာဝန်ထမ်းဆောင်ရန် ခွင့်ပြုပေးခဲ့ပါတယ်။ သို့သော်လည်း ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇ ဖြင့် ရဲညွှန့်များအတွက် ပြဋ္ဌာန်းခဲ့သော The Burma Auxiliary Force Act အား ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ခဲ့ပါသဖြင့် အခုအချိန်မှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိတော့ပါ။ သို့ဖြစ်ပါ၍ လက်ရှိ အခြေအနေမှာ လေလွင့်လူငယ်၊ ဆိုးသွမ်းလူငယ်နှင့် မူးယစ်ဆေးစွဲလူငယ်များကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် အနာဂတ်မှာ အနာဂတ်နိုင်ငံတော်အတွက် တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့် မီးသတ်လေ့ကျင့်ရေးသင်တန်းကျောင်းတို့မှ အသွင်ပြောင်းလူငယ်များ မွေးထုတ်ပေးနိုင်ခြင်း မရှိသေးပါ။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ဆက်စပ်ပြီးတော့ လက်ရှိမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ ကာကွယ်စောင့်ရှောက်ရန် လိုအပ်တဲ့ကလေးများနဲ့ လူငယ်များအတွက် လူမှုဝန်ထမ်းဦးစီးဌာနက လူငယ်သင်တန်းကျောင်း(၁၀)ကျောင်း ဖွင့်လှစ်ပေးပြီးတော့ လေလွင့်ကလေးသူငယ်များ၊ လမ်းပေါ်နေကလေးများ၊ ကလေးသူငယ်တရားရုံးများမှ အမိန့်ချမှတ်၍ အကျင့်စာရိတ္တပြုပြင်ရန် ပို့အပ်လာသောကလေးများ၊ ကလေးသူငယ်တရားရုံးများမှာ ကလေးသူငယ်ဥပဒေပုဒ်မ ၃၂ အရ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သူများကို လက်ခံ၍ အခြေခံစားဝတ်နေရေးဖြည့်ဆည်းပေးခြင်း၊ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုဝန်ထမ်းနည်းလမ်းများနှင့် ဆောင်ရွက်ပေးခြင်း၊ အတန်းပညာ၊ သက်မွေးပညာများ သင်ကြားပေးခြင်းနှင့် သင်ကြားနိုင်ရေးအတွက် ချိတ်ဆက်ပေးခြင်း၊ မှတ်ပုံတင်ရရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးအတွက် သက်ဆိုင်တဲ့ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလူငယ်များထဲမှ ကာကွယ်ရေးဝန်ကြီးဌာနမှ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများအား ၎င်းတို့ရဲ့ဆန္ဒအရ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ

စစ်တက္ကသိုလ်၊ ပြင်ဦးလွင်သို့(၁)ဦး၊ ကွန်ပျူတာတပ်ကြပ်ကြီးသင်တန်းသို့ (၂)ဦးသာ ချိတ်ဆက်ဆောင်ရွက် ပေးနိုင်ခဲ့ပါသေးတယ်။

ဒါကြောင့်မို့လို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အစိုးရသစ်ရဲ့ ရက်(၁၀၀)စီမံချက်မှာလည်း ရန်ကုန်မြို့နဲ့ မန္တလေးမြို့ကြီးမှာရှိတဲ့ လေလွင့်ကလေးသူငယ်များ၊ လမ်းပေါ်နေကလေးများ၊ တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းများ ပပျောက်ရေးအတွက် ရှေ့ပြေးစီမံချက်ရေးဆွဲခဲ့ကြောင်း ရှင်းလင်းတင်ပြပြီး ဖြစ်ပါတယ်။ ရက်(၁၀၀)အလွန်နောက်ပိုင်းမှာလည်း လေလွင့်ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေး၊ မိဘအုပ်ထိန်းသူများနဲ့ ပြန်လည်ပေါင်းစည်းရေး၊ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒီမှာ တစ်ဆက်တည်း ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ဒီ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ ဒီတောင်းဆိုချက်ဟာ အင်မတန်ကို ကောင်းမွန်လျော်ကန် သင့်မြတ်တယ်လို့ ကျွန်တော့်အနေနဲ့လည်း ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ လေလွင့်ကလေးသူငယ်တွေကို စနစ်တကျကြပ်မတ်ထိန်းသိမ်းပြီးတော့ နိုင်ငံတော်အနာဂတ်အတွက် ပိုပြီးတော့ အားကိုးရမယ့်လူငယ်တွေအဖြစ် အသွင်ပြောင်းပေးခြင်းဟာ ကောင်းပါတယ်။ ဒါပေမဲ့ တိုက်ရိုက်ဆောင်ရွက်ဖို့ရာတော့ အခု လက်ရှိအခြေအနေမှာ ခက်ခဲပါသေးတယ်။ အစီအစဉ်လည်း မရှိသေးပါဘူး။ အဲဒီတော့ ကျွန်တော်တို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်ကြီးပြောသလိုပဲ ကျွန်တော်တို့ တစ်ဦးတည်း၊ ဝန်ကြီးဌာနတစ်ဦးတည်းနဲ့ တစ်ခုတည်းနဲ့ ဆောင်ရွက်ဖို့ဆိုတာလည်း အလွန်ခဲယဉ်းပါတယ်။ ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်တွေ အကုန်လုံးကို ကျွန်တော်တို့က ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်တယ်။ နောက်တစ်ခါ ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်တယ်။ အရပ်အဖွဲ့၊ လူ့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ ကျွန်တော်တို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီအပြင်ကို ကျွန်တော်တို့ UN, INGO များနဲ့လည်းပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ လေလွင့်ကလေးသူငယ်တွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ရက်(၁၀၀)စီမံချက်ထဲမှာကိုက ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာရှိပါတယ်။ ရက်(၁၀၀) အလွန်မှာလည်း ကျွန်တော်တို့ ပြည်သူ့အကျိုးကို ဘယ်လောက်ထိရောက်အောင် ဆောင်ရွက်မလဲ၊ နောက်ပြီးတဲ့အခါကျတော့ ကျွန်တော်တို့ ပွင့်လင်းမြင်သာပြီး ဥပဒေနဲ့အညီ ဆောင်ရွက်မယ်လို့ ကျွန်တော်တို့ ဦးတည်ဆောင်ရွက်တဲ့အတွက်ကြောင့် လူငယ်များကို ပြုစုပျိုးထောင်ဖို့အတွက် ကျွန်တော်တို့မှာ လိုအပ်တဲ့ မူဝါဒ၊ ဥပဒေတွေ လိုအပ်နေသေးတာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ လူငယ်မူဝါဒကို စတင်ရေးဆွဲနေပြီဖြစ်ပါတယ်။ လူငယ်မူဝါဒ ပေါ်ပေါက်လာလို့ရှိရင် လူငယ်တွေကို စနစ်တကျစုစည်းပြီးတော့ ကျွန်တော်တို့ ဒီထက်ပိုပြီးတော့ တိုင်းပြည်အတွက် အကျိုးရှိအောင် ဆောင်ရွက်နိုင်မယ့်လုပ်ငန်းတွေ ကျွန်တော်တို့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

အဲဒီအပြင် ကျွန်တော်တို့ ကလေးသူငယ်ဥပဒေ ၁၉၉၃ ကို ကျွန်တော်တို့ အခု ပြန်ပြီးတော့ အသစ် ကလေးသူငယ် အခွင့်အရေးဥပဒေအဖြစ် ရေးဆွဲတာပြီးပြီ ဖြစ်ပါတယ်။ အဲဒီဥပဒေကြမ်းကို

ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဒီကော်မတီကို ဖြတ်သန်းနေပါတယ်။ အဲဒီကတစ်ဆင့် ကျွန်တော်တို့ ဒီလွှတ်တော်နဲ့အစိုးရအဖွဲ့ကိုတင်ပြပြီးတော့ ကျွန်တော်တို့အတည်ပြုမှာဖြစ်ပါတယ်။ အဲဒီကလေးသူငယ် အခွင့်အရေး ပေါ်ပေါက်လာရင်လည်း ဒီကလေးသူငယ်တွေကို ဘယ်လိုမျိုး ကလေးသူငယ်တိုင်းမှာ ရှိတဲ့ အခွင့်အရေးရရှိဖို့အတွက် ဆောင်ရွက်ပေးခြင်းအားဖြင့် ကျွန်တော်တို့ ခုန လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ လူငယ်တွေကို စနစ်တကျ ပြုစုပျိုးထောင်တဲ့ကိစ္စတွေကလည်း ပိုမိုပြီးတော့ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မူဝါဒတွေ၊ ဥပဒေတွေကို ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အလေးပေးပြီးတော့ ရရှိအောင် ဆောင်ရွက်နေပါ တယ်လို့ ကျွန်တော့်အနေနဲ့ ဖြေကြားချင်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အနေနဲ့လည်း ပိုပြီးတော့ အစိုးရအဖွဲ့အတွက် ပိုပြီးတော့တွန်းအားဖြစ်စေသလို၊ ပိုပြီးတော့ ကျွန်တော်တို့ လူငယ်တွေအတွက် ဆောင်ရွက်ဖို့လည်း အင်အားဖြစ်ပါတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကိုလည်း ထောက်ခံပါတယ်။ ကျွန်တော်တို့ အနေနဲ့လည်း ဆက်လက်ပြီးတော့ ဆောင်ရွက်မယ့်ကိစ္စတွေကို အခုလို ပွင့်လင်းစွာတင်ပြရင်း ဒီအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ချောင်းဝပြင်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးထွန်းလင်း က တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ချောင်းဝပြင်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးထွန်းလင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းလင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးလိုတဲ့ မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ချောင်းဝပြင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ မေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ချောင်းဝပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် ပင်မကျောင်းဖြစ်တဲ့ အ.ထ.က ကမြိုင်ကျောင်းနှင့် (၁၂)မိုင်ကွာဝေးပါတယ်ခင်ဗျား။ အထက်တန်းပညာသင်ကြားလိုပါက ပင်မ ကျောင်းသို့ သွားရောက်ရာတွင် မိုးရာသီတွင် ချောင်းခြား၊ ရေကြီးခြင်းကြောင့် အန္တရာယ်ရှိခြင်း၊ ကျန်အချိန်များတွင် သွားလာရခက်ခဲခြင်း၊ ယာဉ်အန္တရာယ်များရှိခြင်း၊ ကျောင်းသား/ကျောင်းသူများ လမ်းခရီးတွင် စိတ်မချရခြင်း စသည့် အခက်အခဲများ ရှိပါတယ်ခင်ဗျား။

ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ကြားရေးလိုအပ်တဲ့ ရန်ပုံငွေ စသည့်လိုအပ်ချက် များကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ယူဆောင်ရွက်ပေးနိုင်ပါတယ်။ ၂၀၁၆-၂၀၁၇ ပညာ သင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသားအရေအတွက်မှာ မူလတန်း(၁၆၄)ဦး၊ အလယ်တန်း(၃၀၉)ဦး၊ အထက်တန်း(၁၉၆)ဦး စုစုပေါင်း(၆၆၉)ဦး ရှိပါတယ်ခင်ဗျား။ ချောင်းဝပြင် အထက်တန်းကျောင်းအဆင့် တိုးမြှင့်ပါက ပတ်ဝန်းကျင်ကျေးရွာမှာ ကျောင်း(၁၁)ကျောင်းရှိပါတယ်။ အဲဒီကျောင်းသားတွေဟာ ဒီ အ-ထ-က ကျောင်းကိုပဲ ရောက်လာမှာ ဖြစ်ပါတယ်။ ဒီ(၁၁)ရွာမှာ ရှိတဲ့ ကျောင်းသားတွေရဲ့ အရေအတွက်က (၁၈၃၈)ဦး ရှိပါတယ်ခင်ဗျား။ အ-ထ-က(ခွဲ)ချောင်းဝပြင်ကို ၂၀၁၂-၂၀၁၃ အခြေခံ ပညာသင်နှစ် စတင်ဖွင့်လှစ်တဲ့ သက်တမ်း(၅)နှစ်ရှိပြီဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အ-ထ-က(ခွဲ)မှ အ-ထ-ကအဖြစ် တိုးမြှင့်ခြင်းမူနှင့်အညီသော်လည်းကောင်း၊ မူဝါဒဖြေလျှော့၍သော်လည်းကောင်း အဆင့်တိုးမြှင့်ပေးရန် လိုအပ်ကြောင်း ကိုယ်တိုင်တာဝန် ထမ်းဆောင်ခဲ့ခြင်း၊ ကွင်းဆင်းလေ့လာခြင်းဖြင့် သိရှိရသဖြင့် ဒေသခံပြည်သူများကိုယ်စား မေးမြန်း အပ်ပါတယ် ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**တက္ကသိုလ်ကျောင်းသား/သူများ တည်းခိုနေထိုင်၍ ပညာသင်ကြားနိုင်ရေးအတွက် အဆောင်များ လုံလောက်စွာ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ က တက္ကသိုလ်ကျောင်းသား/သူများ တည်းခိုနေထိုင်၍ ပညာသင်ကြားနိုင်ရေးအတွက် အဆောင်များ လုံလောက်စွာ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုကိုယ်စား မေးမြန်းလိုတာကတော့ တက္ကသိုလ်ကျောင်းသား/သူများ တည်းခိုနေထိုင်ပြီးတော့ ပညာသင်ကြားနိုင်ရေးအတွက် အဆောင်များ လုံလောက်စွာ စီစဉ်ပေးရန် ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၂၄ ခုနှစ်ကနေ ရန်ကုန်တက္ကသိုလ်၊ ၁၉၄၇ ခုနှစ်မှာ မန္တလေးတက္ကသိုလ်တို့မှာ ကျောင်းသား၊ ကျောင်းသူများ တည်းခိုနေထိုင်ပြီး ပညာသင်ကြားနိုင်အောင်အဆောင်တွေ စီစဉ်ပေးခဲ့ပြီး ၁၉၉၆ ခုနှစ်မှာ တက္ကသိုလ်အတော်များများမှာ တည်းခိုပညာသင်ကြားခွင့်ကို ရပ်ဆိုင်းသွားခဲ့ရပါတယ်။ အဆောင်တွေမှာ နေထိုင်ပြီး ပညာသင်ကြားခဲ့ရတာကို ဝတ္ထုတွေ၊ ဇာတ်လမ်းတွေမှာ ရေးကြ၊ ရုပ်ရှင်ဇာတ်လမ်းတွေ ရိုက်ကြနဲ့ အသက်အရွယ်ကြီးတဲ့အထိ မမေ့နိုင်အောင်ဘဲ လွမ်းတသသနဲ့ ပြောကြတာကို အခုအချိန်ထိ ကြားနေရတုန်းပါ။ ကျောင်းသား၊ ကျောင်းသူအချင်းချင်း ညီရင်းအစ်ကို မောင်နှမအရင်းအချာ ဆွေမျိုးပမာ အသက်ကြီးတဲ့အထိ ချစ်ခင်ကြ ပေါင်းကူးဆက်နွှယ်လုပ်ကိုင် နေထိုင်ခဲ့ကြပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါမှာ ကျောင်းသား၊ ကျောင်းသူများ တည်းခိုနေထိုင် ပညာသင်ကြားဖို့ လုံလောက်စွာ စီစဉ်ပေးနိုင်ခြင်းမရှိတဲ့အတွက် ပြင်ပပုဂ္ဂလိကတည်းခိုဆောင်အမျိုးမျိုးမှာ စရိတ်ကြီးစွာ ငှားရမ်းနေထိုင်ကြရပါတယ်။ အဲဒီလို အဆောင်ရှိရာ ကြုံသလိုငှားရမ်းနေထိုင်ရတဲ့အတွက် ဆရာ့အရိပ်၊ ကျောင်းအရိပ်မှာ မနေထိုင်ကြရပါဘူး။ အဲဒါကြောင့် နောက်ဆက်တွဲ ဆိုးကျိုးအနေနဲ့ စာရိတ္တမကျိုင် ယိမ်းယိုင်မှုတွေ ဖြစ်ခဲ့ရပါတယ်။ ပူးပေါင်းနေထိုင် ဆက်ဆံလုပ်ကိုင်တဲ့ အလေ့အထတွေလည်း ပျောက်ဆုံးခဲ့ရပါတယ်။ တက္ကသိုလ်ရဲ့ အရသာလည်းပဲ ပျောက်ဆုံးခဲ့ရပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသား၊ ကျောင်းသူများရဲ့ မိဘများ တစ်ပူပေါ် နှစ်ပူဆင့်ရတဲ့ ပြဿနာက တက္ကသိုလ်၊ ကောလိပ်များဟာ မြို့နဲ့ ဝေးလံတဲ့ တောခေါင်ခေါင်မှာထားတဲ့ ပြဿနာပါပဲ။ အဲဒီလို ဝေးလံတဲ့အတွက် ဘတ်စ်ကားခ၊ Taxi စရိတ်၊ ဆိုင်ကယ်စရိတ်ပါ ထပ်ပြီးတော့ ကုန်ကျရပြန်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများ သွားရပြန်ရလို့ ငွေကုန်၊ အချိန်ကုန်၊ လူပင်ပန်းဖြစ်ကြရပါတယ်။ ကျောင်းသားများပင်ပန်းရတာဟာ တိုင်းပြည်ပင်ပန်းရတာပါပဲ။ ကျောင်းသားများ အချိန်ကုန်ရခြင်းဟာလည်း တိုင်းပြည်အချိန်ကုန်ရခြင်းပါပဲ။ ကျောင်းသားမိဘများ ငွေပိုပြီးကုန်ရခြင်းဟာလည်း တိုင်းပြည်ကုန်ကျရခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည် အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းမဖြစ်ဖို့ဆိုရင် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများကို စနစ်တကျစီစဉ်ပေးတဲ့

တည်းခိုပညာသင်ကြားနိုင်မယ့် အဆောင်ထဲကို အမြန်ဆုံးပို့ပေးဖို့ ပြည်သူလူထုကိုယ်စား လေးလေး နက်နက် တိုက်တွန်းလိုပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရာမှာ ပုံမှန်ကုန်ကျစရိတ်အပြင် အထက်မှာပြောခဲ့တဲ့ အပိုကုန်ကျ စရိတ်တွေ ကုန်ကျနေရတဲ့အတွက် တက္ကသိုလ်ပညာ ဆက်လက်သင်ကြားရေးအတွက် အခက်အခဲကြုံ ကြရပါတယ်။ ပညာသင်ကြားရေးအတွက် ကုန်ကျစရိတ်ကြီးမြင့်ရခြင်းအတွက် ကျွန်တော်တို့နိုင်ငံ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားတဲ့ အဟန့်အတားပဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ပြည်သူလူထုကိုယ်စား မေးမြန်း လိုတာကတော့ တက္ကသိုလ်ကျောင်းသား/သူများ တည်းခိုနေထိုင်ပြီး ပညာသင်ကြားနိုင်ရေးအတွက် အဆောင်များ လုံလောက်စွာ စီစဉ်ပေးရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို လေးစားစွာ မေးမြန်း အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ချင်းပြည်နယ်တွင် လစ်လပ်လျက်ရှိသော အထက်တန်းပြရာထူး (၁၄၃)နေရာကို ချင်းပြည်နယ်အစိုးရ အဖွဲ့၏ အစီအစဉ်ဖြင့် ခန့်အပ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က ချင်းပြည်နယ်တွင် လစ်လပ်လျက်ရှိသော အထက်တန်းပြရာထူး (၁၄၃)နေရာကို ချင်းပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ခန့်အပ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မင်းတပ်မြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ချင်းပြည်နယ် တွင် လစ်လပ်လျက်ရှိသော အထက်တန်းပြရာထူးများကို ချင်းပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ခန့်အပ်ခွင့်ပြုနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

အခြေခံပညာဟာဆိုလို့ရှိရင် ပညာရေးဝန်ကြီးဌာနရဲ့ အဓိကအုတ်မြစ်ဖြစ်ပြီး ခိုင်မာ တောင့်တင်းရန်လိုအပ်ပါတယ်။ အခြေခံပညာတောင့်တင်းမှ အဆင့်မြင့်ပညာကို တိုင်းပြည်အတွက် လိုအပ်သော ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ် နိုင်မှာဖြစ်ပါတယ်။ တိုင်းပြည်တစ်ပြည်တိုးတက်ဖို့သည် ရေနှင့်ကြာလို ရေမြင့်မှ ကြာတင့်သလို ပညာရေးမြင့်မှ ပြည်နယ်၊ တိုင်း၊ နိုင်ငံ့စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။

ထိုသို့ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နှစ်စဉ်ကျောင်းတိုင်း၊ ကျောင်းတိုင်းမှာ နှစ်စမှစ၍ ဆရာ၊ ဆရာမများ ပြည့်စုံအောင် ဖြည့်ဆည်းခန့်ထားရန်လိုအပ်ပါတယ်။ ကျောင်းတစ်ကျောင်းရဲ့ စာသင်ရန် အကောင်းဆုံး အချိန်ဟာ ဇွန်လကနေ အောက်တိုဘာလအထိ ဖြစ်ပါတယ်။ အဲဒီကာလအတွင်းမှာ သင်ခန်းစာ တစ်ခုလုံးရဲ့ သုံးပုံနှစ်ပုံကို ပြီးအောင်သင်ကြားနိုင်ဖို့လိုပါတယ်။ အောက်တိုဘာရဲ့ ရှေ့ပိုင်းမှာဆိုလို့ရှိရင် ကျောင်းပိတ်ရက်များ၊ ရုံးပိတ်ရက်များ ဆက်တိုက်ရှိတာနဲ့ ပြန်လှန်လေ့ကျင့်ခန်းများ ပြုလုပ်ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ချင်းပြည်နယ်ဟာ နှစ်စဉ် တက္ကသိုလ်ဝင်တန်းအောင်ချက်က အနိမ့်ဆုံးနေရာမှာ ရှိတာဟာဆိုလို့ရှိရင် ဆရာ၊ ဆရာမများ ပြည့်စုံလုံလောက်မှုမရှိတာလည်းပါပါတယ်။ ချင်းပြည်နယ်မှာ ယခုအချိန်အထိ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးဖွင့်လှစ်တဲ့ အထက်တန်းကျောင်း(ခွဲ) များမှာ အထက်တန်းပြများ ခန့်ထားပေးခြင်းမရှိဘဲ နေ့စားလပေးမှုပြု ဆရာ၊ ဆရာမများကိုသာ မင်းတပ်မြို့ပေါ်အထက်တန်းကျောင်း(ခွဲ) တပ်ကုန်းတွင် တွဲထားသည်ကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ဇွန်လ ကျောင်းဖွင့်ရက်အမီ သင်ကြားရေးဝန်ထမ်းများ မြန်ဆန်စွာ ခန့်ထားနိုင်ရန် ဗဟိုချုပ်ကိုင်မှု (Centralism) ကို ဖြေလျှော့ပြီး ပြည်နယ်အစိုးရနှင့် ပြည်နယ်ပညာရေးမှူးတို့ ညှိနှိုင်းကာ လုပ်ပိုင်ခွင့်အပြီးအပိုင်ပေးပြီး အထက်တန်းပြများ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခြင်းများကို ခန့်ထားနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ဒါးရယ်ကောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၃၆၈) အတွင်းရှိ မြေဧရိယာ (၁၆.၂၁)ဧကပေါ်တွင် ဆောက်လုပ်ထားသော သက်မွေးပညာဦးစီးဌာန၊ စက်မှုလက်မှု အထက်တန်းကျောင်း အဆောက်အအုံများအား အသုံးပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်အုန်းကြည် က မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ဒါးရယ်ကောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၃၆၈) အတွင်းရှိ မြေဧရိယာ (၁၆.၂၁)ဧကပေါ်တွင် ဆောက်လုပ်ထားသော သက်မွေးပညာဦးစီးဌာန၊ စက်မှုလက်မှု အထက်တန်းကျောင်း အဆောက်အအုံများအား အသုံးပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အုန်းကြည် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဖော်ပြပါမေးခွန်းကို ကျွန်မမေးမြန်းရတဲ့ အကြောင်းအရင်းကတော့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ဒါးရယ်ကောင်းကျေးရွာမှာနေတဲ့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မင်းကို ကနေပြီးတော့ ဒါးရယ်ကောင်းကျေးရွာမှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သက်မွေးပညာဦးစီးဌာနကနေပြီးတော့ စက်မှုလက်မှုအထက်တန်းကျောင်း ဆောက်လုပ်ဖို့ဆိုပြီး ၂၀၁၁ ခုနှစ်က မြေသိမ်းပြီးတော့ အဆောက်အဦတွေကို ၂၀၁၃ ခုနှစ်မှာ ဆောက်လုပ်ပြီးစီးသွားပါတယ်။ ၂၀၁၃ ခုနှစ်ကနေစပြီးတော့ ၂၀၁၆ ခုနှစ်အထိ ဒီ အဆောက်အဦတွေနဲ့ မြေနေရာပေါ်မှာ ဘာအကျိုးပြုလုပ်ငန်းမှ မလုပ်လို့ ဆိုပြီးတော့ သူတို့ရဲ့ ဒါးရယ်ကောင်းတိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ပေးပါဆိုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ရုံးကို တင်ပြလာပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်နားရက်မှာ ကျွန်မက မြေစာရင်းဦးစီးမှူးနဲ့ တွေ့ပြီးတော့ မြေရာဇဝင်ကိုတောင်းပါတယ်။ ၂၅-၁၁-၂၀၁၆ ရက်နေ့မှာတော့ မြေစာရင်းဦးစီးဌာနက ဝန်ထမ်းတွေရယ်၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနရယ်၊ ပါတီအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဒါးရယ်ကောင်းကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖတွေနဲ့အတူ ကျွန်မက အဲဒီနေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ အဲဒီလို စစ်ဆေးတဲ့အခါမှာ မြစ်သားမြို့နယ်၊ ဒါးရယ်ကောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၆၈) အတွင်းမှာ လုပ်နေတဲ့ တောင်သူ ဦးဟံအေး၊ ဦးကျော်ဇင်လှိုင်၊ ဦးအောင်သန်း၊ ဦးအောင်တင် (၄)ဦးရဲ့ ဧရိယာ(၃.၄၃)ဧကရယ်၊ ကျေးရွာဘုံမြေ(၁၂.၇၈)ဧက၊ စုစုပေါင်း(၁၆.၂၁)ဧကကို ကျွန်မတို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုလက်မှုသက်မွေးပညာဦးစီးဌာန၊ စက်မှုလက်မှုအထက်တန်းကျောင်းဆောက်ဖို့မြေနေရာအဖြစ် ၂၀၁၁ ခုနှစ်မှာ သိမ်းဆည်းခဲ့ပါတယ်။ အဲဒီသိမ်းဆည်းခဲ့တဲ့မြေ (၁၆.၂၁)ဧက အနက်က တောင်သူ(၄)ဦးရဲ့ မြေ(၃.၄၃)ဧကကို မြေလျော်ကြေးအဖြစ် (၁)ဧကကို (၅)သိန်း၊ သီးနှံလျော်ကြေးအဖြစ် ကုလားပဲသီးနှံ(၁)တင်းကို (၂၅၀၀၀)နှုန်းနဲ့ ကျွန်မတို့ ပေးလျော်ခဲ့တယ်ဆိုတာကို သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရန် ခွင့်တောင်းပါတယ်။ အဲဒီမြေနေရာဟာ ဒါးရယ်ကောင်းကျေးရွာနှင့် ကပ်လျက်ရှိပြီးတော့ ဒါးရယ်ကောင်းကျေးရွာကနေပြီးတော့ ရန်အေးကျေးရွာကိုသွားတဲ့လမ်းနံဘေးမှာရှိပါတယ်။ မြစ်သားမြို့က (၈)မိုင် ဝေးပြီးတော့ ကျောက်ဆည်မြို့နယ်၊ မင်းစုရွာက (၅)မိုင်နဲ့ ကင်းတားဆည် ရေသောက်စမာမြောင်းနှင့်ဆိုရင် (၃)ဖာလုံပဲဝေးတဲ့အတွက် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းအသုံးပြုရန် လမ်းပန်းဆက်သွယ်ရေးကောင်းပြီးတော့ မြေဧကအကျယ်အဝန်းလည်းရှိပါတယ်။ အဲဒီမြေကို ကျွန်မတို့ ကြည့်ရှုတဲ့အခါမှာ (၈)ခန်းတွဲ စာသင်ဆောင်(၁)ဆောင်၊ (၈)ခန်းတွဲ အလုပ်ရုံဆောင်(၁)ဆောင်နဲ့ ဝန်ထမ်းအိမ်ခန်း(၅)ခန်းတွဲ(၂)ခု (၁၀)ခန်း(၁)ဆောင်၊ ရေလောင်းအိမ်သာ (၅)ခန်းတွဲ(၂)ဆောင်၊ စက်ရေတွင်း(၁)ခုနှင့် ရေစင်(၁)ခုတို့ကို ဆောက်လုပ်ပြီးစီးထားပြီးတော့ ၂၀၁၃ ခုနှစ်ကနေပြီးတော့ ယနေ့အချိန်အထိ အသုံးပြုခြင်းမရှိတာကို တွေ့ရပါတယ်။ ကျွန်မတို့ အဲဒီက အစောင့်ကို မေးကြည့်တဲ့အခါမှာ ဂျီဂျီစီကုမ္ပဏီကနေပြီးတော့ သူ့ကို တစ်လကို သုံးသောင်းခွဲနဲ့ အဆောင်ငှားရမ်းထားတယ်ဆိုတာ သိရပြီးတော့ ကျွန်မတို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကိုလည်း အပ်နှံခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။

ကျွန်မတို့ အဆောက်အဦတွေကို သွားကြည့်တဲ့အခါမှာ အဆောက်အဦတွေရဲ့ အောက်ခြေဟာဆိုရင် ပျက်စီးနေတာကိုလည်း တွေ့ရပါတယ်။ ကျွန်မတို့ ဒီမြေကို သိမ်းစဉ်ကာလက စက်မှုပညာ အသက်မွေးဝမ်းကျောင်းဆောက်ဖို့ဆိုပြီး ရည်ရွယ်ပြီးတော့ သိမ်းခဲ့တယ်။ အဆောက်အဦတွေ ဆောက်ခဲ့တယ်။ ငွေကြေးတွေအများကြီး အကုန်အကျခံပြီးတော့ လုပ်ခဲ့တယ်။ ဒါပေမဲ့ လက်တွေ့မှာ အသုံးပြုခြင်းမရှိတဲ့အတွက် နိုင်ငံတော်အတွက်လည်း အကျိုးမရှိသလို ကျွန်မတို့ မြေသိမ်းခံရတဲ့ တောင်သူတွေအတွက်လည်း အကျိုးမရှိပါဘူး။ ဒီအဆောက်အဦတွေနဲ့ မြေဟာ အချည်းနှီးဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ပညာရေးဝန်ကြီးဌာနကနေပြီးတော့ ဒီဟာကို ဆက်လက်ပြီးတော့ အကောင်အထည်ဖော်ပေးစေချင်ပါတယ်။ ကျွန်မတို့ အဆောက်အဦတွေမှာ လျှပ်စစ်ပစ္စည်းတွေ တပ်ဆင်ထားပြီးတော့ မီးကိုတော့ ရရှိခြင်းမရှိသေးပါဘူး။

ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ မေးမြန်းလိုတာကတော့ ဝန်ကြီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ဒါးရယ်ကောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၆၈)အတွင်းရှိ မြေဧရိယာ (၁၆.၂၁)ဧကပေါ်မှာ ဆောက်လုပ်ထားတဲ့ သက်မွေးပညာဦးစီးဌာန၊ စက်မှုလက်မှု အထက်တန်းကျောင်း အဆောက်အဦတွေကို အသုံးပြုဖို့ အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ်ရှိလို့ရှိရင် မည်ကဲ့သို့လုပ်ဆောင်ပေးမည်ကိုသိရှိလိုပါကြောင်း ဒေသခံများရဲ့ကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်။ (သြဘာသံများ)

စာသင်ဆောင်၏ အောက်ခြေများ (၈)ခန်း မြင်ကွင်းပုံ (၄)



အလုပ်ရုံဆောင် တစ်ဆောင် (၈)ခန်း မြင်ကွင်းပုံ (မှ-၁)



ရေလောင်းအိမ်သာ (၅)ခန်းတွဲ (၂) ဆောင် မြင်ကွင်းပုံ (မှ-၂)



**နေပြည်တော်၌ ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် က နေပြည်တော်၌ ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို ကျန်းမာချမ်းသာစေကြောင်း မေတ္တာပို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရှန်အောရ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နေပြည်တော်မှာ ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်တစ်ခု တည်ထောင်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ရှိပါက မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးနိုင်မည်ကို သိရှိလိုတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ နေပြည်တော်ကောင်စီနယ်မြေမှာရှိတဲ့ မြို့နယ်(၈)ခုမှာ လူဦးရေ(၁၁၆၀၂၄၂)ဦးရှိပြီး၊ မြို့ပြနေလူဦးရေကတော့ (၃၇၅၁၈၉)ဦးရှိတဲ့အတွက် ရန်ကုန်နဲ့မန္တလေးပြီးရင် နေပြည်တော်ဟာ မြန်မာနိုင်ငံမှာ လူဦးရေတတိယအများဆုံး မြို့ဖြစ်တာကို တွေ့ရပါတယ်။ ဒါပေမဲ့ အခု နေပြည်တော်မှာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တွေဖြစ်တဲ့ မွေးမြူရေးဆိုင်ရာ တက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နဲ့ သစ်တောတက္ကသိုလ်တွေပဲ ရှိပါတယ်။ ဝိဇ္ဇာနှင့်သိပ္ပံ ဘာသာရပ်တွေကို သင်ပေးနေတဲ့ တက္ကသိုလ်မရှိသေးတာကို တွေ့ရပါတယ်။

လူ့အဖွဲ့အစည်းတစ်ခု တိုးတက်ရေးမှာ ဘာသာ၊ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ အတွေးအခေါ်၊ ပထဝီ၊ သမိုင်း စတဲ့ ဝိဇ္ဇာဘာသာရပ်တွေ လိုအပ်သလို ရုပ်လောကအကြောင်းကို လေ့လာတဲ့ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ စတဲ့ သိပ္ပံဘာသာရပ်တွေလည်း လိုအပ်ပါတယ်။ ဒီဘာသာရပ်တွေအားလုံးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀၀၀)ကျော်တုန်းကဆိုရင် Philosophy ဆိုတဲ့ ဒဿနိကဗေဒ သို့မဟုတ် ဒဿနဗေဒ အောက်မှာရှိခဲ့ကြတာပါ။ သိပ္ပံဘာသာရပ်တွေကို သဘာဝဒဿန (Natural Philosophy) လို့ခေါ်ပြီး ဝိဇ္ဇာဘာသာရပ်တွေကို လူမှုဒဿန (Social Philosophy) လို့ ခေါ်ခဲ့ကြတယ်။ (၁၈)ရာစုနှစ်ကျမှ သိပ္ပံဘာသာရပ်တွေရဲ့ မိခင်ဖြစ်တဲ့ ရူပဗေဒ (Physics) လို့ သီးသန့်ခွဲထွက်ခဲ့တာပါ။ ထို့အတူ ဝိဇ္ဇာဘာသာရပ်တွေရဲ့ မိခင်ဖြစ်တဲ့ ဒဿနိကဗေဒကနေခွဲထွက်ပြီး သီးခြားဘာသာရပ်တွေ ဖြစ်လာတာဟာ ရာစုနှစ်(၂)ခု မပြည့်သေးပါဘူး။ ပြောချင်တာကတော့ ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်တွေဟာ အခု အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တွေ မရှိခင်ကတည်းက ရှိနေခဲ့ကြပြီး တိုင်းပြည်နဲ့လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးခဲ့ကြတဲ့ ဘာသာရပ်တွေ ဖြစ်ကြပါတယ်။

အဲဒါကြောင့်မို့လို့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ မြို့တော်ဖြစ်တဲ့ နေပြည်တော်မှာ ဝိဇ္ဇာနှင့်သိပ္ပံ ဘာသာရပ်ပေါင်းစုံကို သင်ပေးတဲ့ တက္ကသိုလ်တစ်ခုဟာ မဖြစ်မနေလိုအပ်နေပါတယ်။ အရင်ခေတ်ကလို တက္ကသိုလ်တွေကို လူသူမနီးတဲ့ မြို့အပြင်မှာမဟုတ်ဘဲ နေပြည်တော်ရဲ့ အလယ်ဗဟိုလောက်မှာရှိတဲ့ တက္ကသိုလ်နယ်မြေတစ်ခု သတ်မှတ်ပြီး ဒေသခံပြည်သူ တစ်သန်းနှစ်သိန်းနီးပါးအတွက်ရော တိုင်းပြည်တစ်ခုလုံးအတွက်ပါ အဆင့်မြင့် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ကြီးတစ်ခု တည်ထောင်ဖွင့်လှစ်ပေးမယ်ဆိုရင် လစ်လပ်နေတဲ့ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးရာကျသည့်အပြင် နေပြည်တော်

ဆိုတဲ့ မြို့တော်ကြီးလည်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ထို့အတွက်ကြောင့် နေပြည်တော်မှာ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ အကယ်၍ ရှိပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၇။**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ကျွန်တော် ဒေါက်တာ မျိုးသိမ်းကြီး က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ မေးခွန်းများကို တစ်ခုချင်းစီ ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီးအမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းလင်း ရဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point များ အသုံးပြုခွင့် ပြုဖို့အတွက် လေးစားစွာ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ခုနှစ် ပညာသင်နှစ်မှာ သတ်မှတ်မှုများနဲ့ကိုက်ညီတဲ့ အခြေခံပညာကျောင်း(၉၃၇)ကျောင်း၊ သတ်မှတ်မှုတွေကို ဖြေလျှော့ပြီးတော့မှ ကျောင်းအဆင့်တိုးပေးခဲ့တဲ့ အခြေခံပညာကျောင်း (၂၃၇၅) ကျောင်း၊ ဒါကြောင့်မို့လို့ စုစုပေါင်း အခြေခံပညာကျောင်း(၃၃၁၂)ကျောင်းကို အဆင့်တိုးမြှင့်ပြီးတော့မှ အခြေခံပညာရေးမှ ကျောင်းသား၊ ကျောင်းသူ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး အတွက်ကို ကျွန်တော်တို့ ကျောင်းအဆင့်တိုးပြီးတော့မှ ဆောင်ရွက်ပေးခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ဒီလိုဆောင်ရွက်ပေးလိုက်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဒါ အခု လောလောဆယ်ဆိုလို့ရှိရင်တော့ သရက်ချောင်းမြို့နယ်၊ ချောင်းဝပြင်ကျေးရွာမှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် ဒါချောင်းဝပြင်ကျေးရွာရဲ့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖြစ်ပါတယ်။ ဒီကျောင်းမှာ ပညာသင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပါပဲ။ ဒီကျောင်းသည် ကျွန်တော်တို့ သရက်ချောင်းမြို့နယ်မှာ ရှိပါတယ်။ ကျောင်းအဆင့်အနေနဲ့ A,B,C,D,E ဆိုပြီးရှိတဲ့ဟာမှာဆိုရင် A သည် မြို့ပေါ်မှာ ရှိတဲ့ကျောင်းတွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ B ဆိုတာသည် မြို့ပေါ်ကနေပြီးတော့မှ နာရီဝက်အတွင်းသွားနိုင်တဲ့ နေရာသည် ဒါ B ဖြစ်ပါတယ်။ C ဆိုတာသည် ဒါ မြို့ပေါ်ကနေပြီးတော့မှ ကားလမ်းပေါ်ကနေပြီးတော့မှ တစ်နာရီ၊

နှစ်နာရီ၊ သုံးနာရီလောက် သွားရတဲ့နေရာသည် C ဖြစ်ပါတယ်။ D တို့၊ E တို့သည် ခုနတုန်းက ဒီပေါ်ကနေမူတည်ပြီးတော့မှ တစ်ရက်သွားရတဲ့ခရီးရှိမယ်။ တစ်ရက်၊ နှစ်ရက် သွားရတဲ့ ခရီးတွေ ရှိမယ်။ ဒီအပေါ်မှာမူတည်ပြီး ကျောင်းအဆင့်တွေကို သတ်မှတ်တဲ့အခါမှာတော့ A,B,C,D,E ဆိုပြီး ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။ ဒီကျောင်းဖွင့်လှစ်တာသည် ရက်စွဲရှိပါတယ်။ ကျွန်တော်တို့က ကျောင်းတစ်ကျောင်းချင်းစီမှ အချက်အလက်ပေါင်း (၁၄၀)ရှိတဲ့ အချက်ထဲက အရေးကြီးတဲ့ အဓိက အချက်တွေပဲ ကျွန်တော် ယူလာပြီးတော့ တင်ပြခြင်း ဖြစ်ပါတယ်။ ထားဝယ်ခရိုင်မှာ ရှိပါတယ်။ သရက်ချောင်းမြို့နယ်မှာ ရှိပါတယ်။

မြို့ပေါ်နဲ့ ကျေးလက်ဆိုတာသည် Urban ရယ် Rural ရယ်ပေါ့။ U ဆိုရင်မြို့ပေါ်မှာ ရှိတယ်။ R ဆိုရင် Rural ပေါ့၊ ကျေးလက်ဒေသမှာ ရှိပါတယ်။ မြေယာပိုင်ဆိုင်မှုအနေနဲ့ ဒီကျောင်းသည် မြေယာ ပိုင်ဆိုင်မှုသည် လျှောက်ထားဆဲပဲရှိပါတယ်။ ကျောင်းအဆင့် Code အနေနဲ့ B ရှိပါတယ်။ သူ့ရဲ့ မြေဧရိယာ သည် ကျောင်းမြေဧရိယာသည် (၂.၅) ကျွန်တော်တို့ ဒါအကျယ်အဝန်းရှိပါတယ်။ ကျောင်းစာကြည့်တိုက် ရှိပါတယ်။ သိပ္ပံခန်းရှိပါတယ်။ သို့သော် သိပ္ပံပစ္စည်းတွေ ကျွန်တော်တို့ဒါ မလုံလောက်ဘူးဆိုတာကို ကျွန်တော်တို့ဒါ ဒီစာရင်းမှာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ သောက်သုံးရေအတွက် လုံလောက်မှုရှိတယ်။ သုံးရေလုံလောက်မှုလည်း ရှိတယ်လို့ ကျွန်တော်တို့တွေ့ရပါတယ်။ အိမ်သာဆိုလည်းဒီလိုပဲ ကျွန်တော်တို့ ဒါ အိမ်သာဘယ်နှစ်လုံး ရှိတယ်ဆိုတာကအစ ကျွန်တော်တို့မှာ စာရင်းရှိပါတယ်။ ထပ်မံလိုအပ်တဲ့ အရေအတွက်သည် (၄)လုံးလိုတယ်။ အိမ်သာကိုတော့ ကျွန်တော်တို့ကတော့ ကျောင်းသား၊ ကျောင်းသူ (၅၀)ကို အိမ်သာတစ်လုံးနှုန်းနဲ့ ကျွန်တော်တို့ ဒါဒီလိုဆောင်ရွက်ပါတယ်။

ပြီးလို့ရှိရင်တော့ ဒီကျောင်းမှာရှိတဲ့ ကျောင်းဆောင်တွေဆိုရင် (၆၀ x ၃၀) ကျွန်တော်တို့ ကျောင်းဆောင်နှစ်ဆောင်ရှိပါတယ်။ ပြီးလို့ရှိရင် (၉၀ x ၃၀)နှစ်ဆောင် ရှိပါတယ်။ (၁၂၀ x ၃၀) တစ်ဆောင် ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျောင်းဆောင်အနေနဲ့ကတော့ ကျောင်းသား အင်အားအရဆိုရင် လုံလောက်မှုရှိနေပါတယ်။ Next Slide ဒီမှာ ဒါ ခုနတုန်းက လွှတ်တော် ကိုယ်စားလှယ်ကြီးလည်း တင်ပြသွားပြီးသားဖြစ်တဲ့အတွက် ကျွန်တော်အများကြီး ထပ်မတင်ပြတော့ ပါဘူး။ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူဦးရေ (၆၆၉)ဦး ရှိတယ်။ အထက်တန်းပြ (၇)ဦးရှိတယ်။ အလယ်တန်းပြ (၁၀)ဦး၊ မူလတန်းပြ(၁၀)ဦး၊ ဒါကြောင့်မို့လို့ စုစုပေါင်း ဆရာ၊ ဆရာမ (၂၇)ဦးရှိတယ်။ ဒါကြောင့်မို့လို့ အထက်တန်းကျောင်းသား (၁၉၆)ဦးရှိတဲ့အတွက်ကြောင့်မို့လို့ ကျောင်းအဆင့် တိုးဖို့ ဆိုရင် ကျွန်တော်တို့ (၂၀၀)ဦး ရှိရပါမယ်။ သို့သော် (၂၀၀)ဦး ရှိဖို့အတွက် လေးယောက်ပဲလိုတယ်။ ကျွန်တော်တို့ (၄၀)ကို စာသင်ခန်းတစ်ခန်းဆိုလို့ ရှိရင်လည်းပဲ (၂၀၀)ဦးဖြစ်တဲ့အတွက် စာသင်ခန်း (၅)ခန်းရှိတယ်။

ဆရာ၊ ဆရာမက(၇)ယောက်။ ဒါကြောင့်မို့လို့ ဆရာ၊ ဆရာမ (၇)ယောက်သည် စာသင်ခန်း (၅)ခန်းအတွက်ဆိုရင် ဒါလုံလောက်ပါတယ်။ ကျွန်တော်တို့တွေသည် ခွင့်ပြု၊ ခန့်ထား၊ လစ်လပ် ဆိုတာသည် ကျွန်တော်တို့က လုံလောက်လား၊ မလုံလောက်လားအတွက်ကိုပဲ ကျွန်တော်တို့က ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ လစ်လပ်နေတဲ့ ဦးရေတွေအပေါ်မှာ မျှတစွာပဲ ကျွန်တော်တို့က ဆောင်ရွက်ပေးလို့ရပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဖွဲ့စည်းပုံမှာ

ခုနှစ်သိန်းကိုးသောင်း ခန့်ထားလို့ရတယ်။ ကျွန်တော်တို့ ဆရာ၊ ဆရာမနဲ့စီမံအရာထမ်း၊ အမှုထမ်းသည် လေးသိန်းခုနှစ်သောင်း ခန့်ထားတော့ ကျွန်တော်တို့ လစ်လပ်သမျှသာ ခန့်ထားဖို့အတွက် တင်ပြမယ်ဆိုရင်တော့ ကျွန်တော်တို့ ခန့်ပေးလို့မရပါဘူး။ ခုနတုန်းက (၅)ခန်းရှိတယ်။ (၇)ယောက်ဆိုရင် ဒါသည်လုံလောက်တယ်။ ကျွန်တော်တို့ ဒါဘာသာရပ်လည်း သင်နိုင်တဲ့သူရှိရင် လုံလောက်တဲ့ အခြေအနေအပေါ်မှာ ရှိပါတယ်။

သို့သော် (၂၀၀)ဦး ရှိတဲ့အပေါ်မှာတော့ ကျွန်တော်ဆက်လက်ပြီးတော့တင်ပြသွားပါမယ်။ Next Slide Please အဲဒါ သရက်ချောင်းမြို့နယ်ရဲ့ ဒါမြို့နယ်အပေါ်မှာ ကျွန်တော်တို့ ကျောင်းတွေကို ကျွန်တော်တို့ဒါ ကျေးရွာတွေအပေါ်မှာရှိတဲ့ မြို့တွေပေါ်မှာရှိတဲ့ ကျောင်းတွေကို ဒါတင်ပြထားတာ ဖြစ်ပါတယ်။ အနီးအစက်လေးဆိုလို့ရှိရင်တော့ ဒါဒီမူလတန်းကျောင်းကိုပြောခြင်း ဖြစ်ပါတယ်။ တြိဂံပုံလေးမှာ ကွဲသွားရင်တော့ ဒါမူလတန်းလွန်ကျောင်းရယ်၊ အလယ်တန်းကျောင်း(ခွဲ)ရယ် ပြီးလို့ရှိရင် အထက်တန်းကျောင်းမှာ လေးထောင့်ကွက်လေးကို အကွဲလေးဆိုရင်တော့ ဒါ အ-ထ-က (ခွဲ)၊ လေးထောင့်ကွက်လေး အပြည့်ဆိုရင်တော့ ဒါ အ-ထ-ကကျောင်းပေါ့။ Next Slide Please အဲဒီတော့ ဒီချောင်းဝပြင်ကျေးရွာရဲ့ အနီးတစ်ဝိုက်ကိုကြည့်လိုက်မယ် ဆိုလို့ရှိရင် ကျွန်တော်တို့မှာ ဒါ School Mapping လို့ခေါ်တဲ့ ဒီမြို့နယ်အပေါ်မှာ ကျောင်းတွေအကုန်လုံးကို ကျွန်တော်တို့လုပ်ထားတယ်။ တောင်တန်းတွေထူထပ်နေလား။ မြစ်ချောင်းတွေခြားနေသလား။ အနီးပတ်ဝန်းကျင်မှာ ပင်မကျောင်းနဲ့ သွားရေးလာရေး ဘယ်လောက်ခက်နေလဲ။

ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ။ ဒီဧရိယာသည် တနင်္သာရီတိုင်းဒေသကြီးဖြစ်တဲ့အတွက် မြစ်ချောင်းထူထပ်တယ်။ ပင်မကျောင်းနဲ့ ကျွန်တော်တို့ ဘယ်လောက်ဝေးနေလဲဆိုလို့ရှိရင် (၁၂)မိုင်ဝေးနေတယ်။ ဒါကြောင့်မို့လို့ ဒီကျောင်းကိုသာ ကျောင်းအဆင့် မတိုးပေးဘူးဆိုလို့ရှိရင် ဒီကျောင်းသည် အထက်တန်းကျောင်း(ခွဲ) ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပညာသင်ယူခွင့်ကတော့ ဘာဖြစ်နေလဲဆိုတော့ ကျွန်တော်တို့ရှိနေတယ်။ သို့သော် ကျွန်တော်တို့ သဘောပေါက်နားလည်တယ်။ အထက်တန်းကျောင်းဖြစ်မှ စာစစ်ဌာနကလည်း ကျွန်တော်တို့ ရနိုင်မယ်။ စာစစ်ဌာနဖြစ်မှလည်း ဒီဒေသအနီးဝန်းကျင်က တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေမယ့် ကျောင်းသား၊ ကျောင်းသူတွေကလည်း အဆင်ပြေချောမွေ့စွာနဲ့ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကြည့်လိုက်မယ်ဆိုလို့ရှိရင် ဒီချောင်းဝပြင်ကျေးရွာရဲ့ အနီးတစ်ဝိုက်မှာ ခုနတုန်းက ဒီအထက်တန်း ကျောင်းသာဖြစ်သွားရင် လာရောက်တက်မယ့် ကျောင်းသား၊ ကျောင်းသူတွေကလည်း အများကြီးရှိတယ်။ ပင်မကျောင်းနဲ့ကလည်း ဝေးနေတယ်။ ချောင်းတွေကလည်း ထူထပ်နေတဲ့အတွက်ကြောင့်မို့လို့ ဒီအထက်တန်းကျောင်း(ခွဲ)သည် သတ်မှတ်မှုတွေကို ဖြေလျှော့ပြီးတော့မှ ကျောင်းအဆင့်တိုးပေးသင့်တယ်လို့ ကျွန်တော်တို့ ဒါ လောလောဆယ် တွေ့ရှိရတယ်။ နောက်ထပ်စိစစ်မယ်ဆိုလို့ရှိရင်တော့ သို့သော် ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းအဆင့်တိုးတွေကိုတော့ ဒီအတိုင်းသတ်မှတ်မှုတွေကို ဖြေလျှော့ပြီးတော့သာပေးမယ်ဆိုရင်တော့ အားလုံးက တောင်းနေကြမှာပဲ။

ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ပူးပေါင်းဆောင်ရွက်လိုတာသည် Next Slide Please သတ်မှတ်မှုတွေကို ဖြေလျှော့ဖို့ဆိုရင်တော့ ပင်မကျောင်းနဲ့ အကွာအဝေး၊ သွားလာရေး ခက်ခဲမှု၊ ကျေးရွာအုပ်စုတွေရဲ့ တည်ရှိမှု အခြေအနေတွေအရ သင်ယူမှုအခွင့်အလမ်းတွေ ပိုမိုရရှိဖို့ ဒါတွေကို ကျွန်တော်တို့ ခုနတုန်းကစိစစ်လိုက်တော့ ဒီအချက်တွေသည် အကုန်လုံး ဘာဖြစ်လဲဆိုတော့ ကိုက်တယ်။ ဒီချောင်းဝပြင်ကျေးရွာသည် Next Slide Please ကျွန်တော်တို့အနေနဲ့ ဒီမိဘတွေနဲ့ အုပ်ထိန်းသူတွေနဲ့ ပြည်သူလူထုကို ကျောင်းအဆင့်တိုးပေးတဲ့အခါမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ အာမခံချက်တောင်းလိုတာကတော့ ဘာလုပ်ရမလဲ။ ကျောင်းအဆင့်တိုးပြီးတဲ့အခါမှာ ကျောင်းနေအရွယ် ကလေးတိုင်း အဲဒီဒေသမှာရှိတဲ့ကလေးတိုင်း ကျောင်းအပ်ကိုအပ်ရပါမယ်။ ကျောင်းအပ်မယ်။ ကျောင်းသား၊ ကျောင်းသူတွေက ကျောင်းမှန်မှန် တက်ရမယ်။ ကျောင်းမထွက်ရပါဘူး။ ဒါကို ကျွန်တော်တို့ကို ပူးပေါင်းပေးရမယ်။ ဆရာ၊ ဆရာမတွေက အတန်းတွင်းမှာရှိတဲ့ ကျောင်းသား၊ ကျောင်းသူတွေ အားလုံးသင်ယူတတ်မြောက်မှု ကောင်းမွန်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့အတွက် အရေးကြီး ပါတယ်။

ခုနတုန်းကလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း ပြောသွားပါတယ်။ ကျောင်းအဆင့် တိုးပြီးရင် လိုအပ်တဲ့ပရိဘောဂတွေကို ပြည်သူလူထုက ပူးပေါင်းပါဝင်ပေးမယ်။ ဒီအတွက်ကျွန်တော်တို့ ကြိုဆိုပါတယ်။ မှန်လည်း မှန်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေ အိမ်စာမှန်မှန်လုပ်ဖို့အတွက် မိဘအုပ်ထိန်းသူကလည်း ကြီးကြပ်ပေးဖို့လိုတယ်။ ပြည်သူလူထုကလည်း ပူးပေါင်းပေးဖို့လိုတယ်။ ကျောင်းသား၊ ကျောင်းသူ ကျောင်းမှန်မှန်တက်ဖို့၊ ကျောင်းမထွက်ဖို့၊ အိမ်စာမှန်မှန်လုပ်ဖို့၊ ကျောင်း သန့်ရှင်းရေး၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးတွေမှာ ကျောင်းသား၊ ကျောင်းသူတွေရော၊ မိဘတွေရော ပူးပေါင်းပါဝင်လုပ်ရမယ်။ ကျောင်းထောက်ပံ့ကြေးတွေနဲ့ မိဘဆရာအသင်းတွေ လုပ်ငန်းတွေမှာလည်း မိဘအုပ်ထိန်းသူတွေ၊ ရပ်မိရပ်ဖတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ တွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေကသာ ပူးပေါင်းပါဝင်အလေးထား ဆောင်ရွက်မယ် ဆိုရင် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒီကျောင်းကို ကျောင်းအဆင့်တိုး ကျွန်တော်တို့ ဘာလုပ်လိုလဲဆိုတော့ ဆောင်ရွက်လိုတယ်။

သို့သော် ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်သည် ဇွန်လမှာ ဖွင့်တော့မယ်။ ဖွင့်တော့မယ်ဆိုတော့ ကျောင်းအဆင့်တိုးတွေကို ကျောင်းမဖွင့်ခင် ကျွန်တော်တို့ ဆောင်ရွက်ပေးရမှာ ဖြစ်တဲ့အတွက် ဒီအချက်တွေကို ကျွန်တော်တို့ ခုနတုန်းက နောက်နှစ် ပညာသင် နှစ်ဆိုရင်တော့ ကျောင်းအဆင့် တိုးတောင်းရင် မိဘတွေက ဒီအချက်တွေအပေါ်မှာ ပူးပေါင်းပါဝင် ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ ဒီနှစ်ကတော့ ကျွန်တော်တို့ ဒီအချက်တွေကို သေချာမစိစစ်နိုင် တော့ဘူး။

ဒီအချက်တွေကို ပူးပေါင်းပါဝင်ဆောင်ရွက်မယ်လို့ပဲ ကျွန်တော်တို့ သဘောထားလိုက်မယ်။ ကျွန်တော်တို့အနေနဲ့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပူးပေါင်းဆောင်ရွက်ပေးမယ်။ သို့သော် ဒီကျောင်း အတွက် လိုအပ်ချက်ရှိလာမယ်ဆိုရင် ကျောင်းစာသင်ခန်းတို့၊ ဆရာ၊ ဆရာမ လိုအပ်ချက်ရှိရင်တော့ ကျွန်တော့်အနေနဲ့ကတော့ ခွင့်ပြုဘဏ္ဍာရေးအခြေအနေအရပဲ ကျွန်တော် ဒီလိုအပ်ချက်တွေကို

ကျွန်တော်အားလုံးကိုမျှမျှတတ ခွဲဝေပြီးတော့ စာသင်ခန်းအတွက်ရော၊ ဆရာ၊ ဆရာမ အတွက်ရော ကျွန်တော် ခွဲဝေပြီးတော့ ဆောင်ရွက်ပေးမယ် ဆိုတာလေးကို ကျွန်တော်အလေးအနက် ထားပြီးတော့မှ တင်ပြလိုပါတယ်။ သို့သော် အထက်တန်းပြ ဆရာ၊ ဆရာမမှာကတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ တွေ့နေရတာ ဘာလဲဆိုတော့ အထက်တန်းပြ ဆရာ၊ ဆရာမ တော်တော်များများသည် အင်္ဂလိပ်စာ၊ သင်္ချာ၊ အီကို၊ သိပ္ပံဘာသာရပ်တွေကို သင်နိုင်တဲ့သူကတော့ နည်းနည်းလေး တော်တော်လေး ရှားနေပါတယ်။

ဒါကြောင့်မို့လို့ ဆရာ၊ ဆရာမတွေရဲ့ အရည်အသွေးမြင့်မားရေး၊ ဘာသာရပ်ကိုက်ညီသော ဆရာ၊ ဆရာမများကို ကျွန်တော်တို့အနေနဲ့ ကျောင်းတွေမှာ ကျွန်တော်တို့ အညီအမျှ အတတ်နိုင်ဆုံး မျှတအောင်ခွဲဝေတာဝန်ပေးနိုင်ရေးကိုတော့ ကျွန်တော်တို့အနေနဲ့ ဒီလိုမျိုးလေး စနစ်တကျနဲ့ ပညာရေး ကို အရည်အသွေးမြင့်မားရေးကို စနစ်တကျနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းကို ကျွန်တော့်အနေနဲ့ လေးစားစွာတင်ပြအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ချောင်းဝပြင်ကျေးရွာအတွက် ကျွန်တော်တို့ ဒါကျောင်းအဆင့် တိုးပေးဖို့အတွက် ဖြစ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဆွေ ရဲ့မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point လေး အသုံးပြုခွင့်ပေးဖို့အတွက် လေးစားစွာ တင်ပြ အပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ မှန်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွား သလိုပဲ။ တက္ကသိုလ်တွေ၊ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွေရော၊ နည်းပညာတွေရော၊ ကွန်ပျူတာ တက္ကသိုလ် တွေရော၊ တော်တော်များများသည် ကျွန်တော်တို့ ဒါမြို့နဲ့ ကျွန်တော်တို့ တော်တော်လေး အလှမ်းကွာ ဝေးပါတယ်။ ကျွန်တော်တို့ တက္ကသိုလ်တွေသည် ဒါကြောင့်မို့လို့ သွားရေးလာရေးလည်းပဲ ခက်ခဲ ပါတယ်။ တက္ကသိုလ်အများစုမှာလည်းပဲ ကျွန်တော်တို့ ဒါ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွေ အချို့မှာတော့ ကျွန်တော်တို့ဘာဖြစ်လဲဆိုလို့ရှိရင် အခုဆိုရင်တော့ ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်တွေရှိနေပြီ။

ဝန်ထမ်းအိမ်ရာတွေ၊ ဆရာ၊ ဆရာမအိမ်ရာတွေ၊ စီမံခန့်ခွဲရေးအရာထမ်း၊ အမှုထမ်းတွေ အတွက် ကျွန်တော်တို့ အိမ်ရာတွေရှိနေပါပြီ။ သို့သော် နည်းပညာတက္ကသိုလ်တွေနဲ့ ကွန်ပျူတာ တက္ကသိုလ်တွေ၊ ပြီးရင်ကျွန်တော်တို့ GTI တို့၊ THS တို့ ဒါတွေမှာတော့ ကျွန်တော်တို့ အများကြီး အိပ်ဆောင်တွေ၊ စာသင်ခန်းတွေ အများကြီး ကျွန်တော်တို့ ဆောင်ရွက်ပေးရဦးမှာပါ။ ဒါကြောင့်မို့လို့ Next Slide Please ကျွန်တော်တို့ ဒီကြားကာလမှာ တက္ကသိုလ်၊ ဒီဂရီကောလိပ် (၅၂)ခုမှာ ကျောင်းသား၊ကျောင်းသူ အိပ်ဆောင် (၂၂၁)ဆောင်ကိုတော့ ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်မှာ (၁၀)ဆောင်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ (၁၀)ခု၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှာ (၇)ခု၊ မော်လမြိုင်တက္ကသိုလ်မှာ (၂၀)၊ ဒဂုံတက္ကသိုလ်မှာ (၇)ခု ဒီလိုမျိုးပေါ့။ စသဖြင့်ပေါ့။ ကျွန်တော်တို့ စုစုပေါင်း Next Slide Please ထားဝယ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ အနောက်ပိုင်း၊ ဟသ်ာတ၊ မအူပင်၊ ဘားအံ၊ မြိတ်၊ ပဲခူး၊ NMDC၊ တောင်ကုတ်၊ မန္တလေး၊ တောင်ကြီး၊ စစ်ကိုင်းပညာရေး၊ မကွေး၊ မုံရွာ၊ Next Slide ဒီလိုမျိုးအစဉ်လိုက်ပေါ့။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ မြစ်ကြီးနား၊ မုံရွာစီးပွားရေး၊ မိတ္ထီလာ၊ ပခုက္ကူ၊ မိတ္ထီလာစီးပွားရေး၊ ကျောက်ဆည်၊ ပင်လုံ၊ ကလေး၊ လွိုင်ကော်၊

လားရှိုး၊ ကျိုင်းတုံ၊ ဗန်းမော်၊ ရွှေဘို၊ စစ်ကိုင်း၊ ဒီဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွေရယ်၊ Next Slide Please ရေနံချောင်း ဒီဂရီကောလိပ်၊ မြင်းခြံ၊ မိုးညှင်း၊ မန္တလာ၊ ဟားခါးကောလိပ်မှာဆိုရင်လည်း ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်တွေရော၊ ဆရာ၊ ဆရာမ အိမ်ရာတွေရော၊ ကျွန်တော်တို့ ဝန်ထမ်းအိမ်ရာ တွေရော ကျွန်တော်တို့ ထည့်သွင်းထားပါတယ်။

သတင်းအချက်အလက်နဲ့ နည်းပညာတက္ကသိုလ်၊ ရန်ကုန်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ) စုစုပေါင်း တက္ကသိုလ်(၅၂)ခုမှာ ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင် (၂၂၁)ဆောင် ကျွန်တော်တို့ ဆောက်လုပ်ပြီးသွား ပြီဖြစ်ကြောင်း တင်ပြလိုပါတယ်။ သို့သော် (၂၂၁)ဆောင်သည် လုံလောက်ပြီလားလို့ ပြောရင်တော့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပါပဲ။ ကျွန်တော်တို့ မလုံလောက်သေးပါဘူး။ နည်းပညာတက္ကသိုလ်တွေ၊ ကွန်ပျူတာတက္ကသိုလ်တွေ၊ GTI တွေ၊ THS တွေမှာ အထူးသဖြင့် အများကြီးလိုနေပါတယ်။ အများကြီးလိုနေတဲ့အတွက်လည်း ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ စုစုပေါင်း (၅၁)ခုမှာ ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်အရေအတွက် စုစုပေါင်း (၆၂)ဆောင်ကို ကျွန်တော်တို့ဆောက်လုပ်ဖို့အတွက် (၃၉.၂၃၉၃၄)ဘီလီယံကို ကျွန်တော်တို့ ဘာလုပ်ထားလဲဆိုလို့ရှိရင် ထည့်သွင်းလျာထားပါတယ်။

အဲဒီလိုထည့်သွင်းလျာထားတဲ့အတွက်လည်း မလုံလောက်သေးပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကျောင်းသား၊ကျောင်းသူ အိပ်ဆောင်တွေ ထပ်မံလိုအပ်နေတာ အမှန်တကယ် ဖြစ်ပါတယ်။ ဒါကြောင့် အထူးသဖြင့် နည်းပညာတက္ကသိုလ်တွေ၊ ကွန်ပျူတာတက္ကသိုလ်တွေ၊ GTI တွေ၊ THS တွေ၊ ပြီးရင်ပညာရေးကောလိပ်တွေမှာ လိုအပ်လျက်ရှိတဲ့ ကျောင်းသား၊ကျောင်းသူတွေရဲ့ အိပ်ဆောင်တွေ၊ အခြေခံပညာကျောင်းတွေမှာ လိုအပ်လျက်ရှိတဲ့ စာသင်ခန်းတွေ၊ ဝန်ထမ်းအိမ်ရာတွေ အတွက်ကို ကျွန်တော်ထပ်မံပြီးလိုအပ်တဲ့ (၈၅)ဘီလီယံကျော်ကိုလည်းပဲကျွန်တော် ထပ်မံအဆိုပြု တင်ပြထားပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနသည် အဆိုပြုတင်ပြထားတာသည် သာမန်နဲ့ ငွေလုံး (၁.၇၇)ထရီလီယံထဲကနေပြီးတော့မှ ထပ်မံလိုအပ်သေးတဲ့အတွက် ဒီဟာတွေအတွက်ကို (၈၅)ဘီလီယံကို ထပ်မံပြီးတော့ ကျွန်တော် အဆိုပြုတင်ပြထားပါတယ်။ ဒီအဆိုပြုတင်ပြထားတာကို ထပ်မံခွင့်ပြုရင်တော့ အတတ်နိုင်ဆုံး ကျွန်တော်တို့အနေနဲ့တော့ ဒီဘတ်ဂျက်တွေကို စနစ်တကျနဲ့ အချိန်မီနဲ့ အရည်အသွေးပြည့်မီရေးကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေရယ်၊ ပြည်သူလူထု တွေရယ်၊ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေနဲ့ ပူးပေါင်းပြီးတော့ ဒါတွေကို ကျွန်တော်တို့ အချိန်မီ ပြီးစီးရေးနဲ့ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေးကို ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လုံလောက်ပြီလားဆိုရင်တော့ မလုံလောက်သေးဘူးလို့ပဲ ကျွန်တော်တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းပေးတာကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း ဒါတွေကိုအတတ်နိုင်ဆုံး ဆောင်ရွက်ပေးနေတယ်ဆိုတာလေးကို လည်းပဲ လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် တင်ပြအပ်ပါတယ်။

တတိယမေးခွန်းအနေနဲ့ ကျွန်တော်တို့ ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ရဲ့မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ် တစ်ပြည်နယ်လုံးမှာ အခြေခံပညာအထက်တန်းကျောင်း(၄၅)ကျောင်း၊ အခြေခံပညာအထက်တန်း ကျောင်းခွဲ(၅၄)ကျောင်း၊ စုစုပေါင်း (၉၉)ကျောင်းရှိပါတယ်။ နဝမတန်းကျောင်းသား၊ ကျောင်းသူ (၆၆၁၈)ဦး ရှိပါတယ်။ ဒသမတန်းကျောင်းသား၊ ကျောင်းသူ (၅၁၄၁)ဦး ရှိပါတယ်။ ဒါကြောင့်မို့လို့ အထက်တန်းအဆင့်သင်နေတဲ့ ကျောင်းသား၊ ကျောင်းသူ (၁၁၇၅၉)ဦး ရှိပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်ကိုလည်း ကျွန်တော် (၂)ခေါက် ရောက်ပြီးပါပြီ။ ရောက်တဲ့အခါတိုင်းမှာ ကျွန်တော် အ-ထ-က(၁) ဟားခါးတို့၊ အ-ထ-က(၁)တီးတိန်တို့၊ အ-ထ-က(၁)တွန်းဇံတို့၊ ပြီးရင် အ-ထ-က(၁) ထန်တလန်တို့၊ ပြီးလို့ရှိရင် ကျွန်တော်တို့ အ-ထ-က(၃) ဟားခါးတို့ ဒါတွေလည်းပဲ ကျွန်တော်တို့ ရောက်ပါတယ်။

ရောက်တဲ့အခါမှာဆိုလို့ရှိရင် ဘာတွေ့ရလဲဆိုလို့ရှိရင် ဒီချင်းပြည်နယ်မှာလည်းပဲ ဒါ အထက်တန်းကျောင်းတွေ အများကြီးလိုပါတယ်။ ဘာလို့လဲဆိုတော့ တောင်တန်းတွေ ထူထပ်တယ်။ တောင်တန်းတွေ ထူထပ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဘာဖြစ်လဲဆိုလို့ရှိရင် သွားရေး၊ လာရေး ခက်တယ်။ သွားရေးလာရေးခက်ခဲတဲ့အပြင် အထက်တန်းကျောင်းတွေ မရှိတဲ့အတွက်ကြောင့်မို့လို့ မြို့ပေါ်မှာရှိတဲ့ အထက်တန်းကျောင်းတွေကို လာရောက်ပညာသင်ယူရတဲ့ အတွက်ကြောင့်မို့လို့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ အခက်အခဲတွေ အများကြီးရှိတယ်ဆိုတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အခက်အခဲတွေ အများကြီးရှိတာ တွေ့ရှိရပါတယ်။ သို့သော် ဆရာ၊ ဆရာမအနေနဲ့ ကတော့ ဘာဖြစ်လဲဆိုလို့ရှိရင် ကျောင်းသား၊ ကျောင်းသူ ရှိတာရယ်၊ စာသင်ခန်းရယ်၊ ဆရာ၊ ဆရာမ ရှိတာတွေကို ကြည့်မယ်ဆိုရင်တော့ လုံလောက်မှုကတော့ ဘာဖြစ်လဲဆိုရင် အရင်ထက်စာရင်တော့ အများကြီးရှိပါတယ်။ ရှိနေတဲ့ အခက်အခဲကဘာလဲဆိုတော့ မြေပြင်ပေါ်မှာရှိနေတဲ့ ဆရာ၊ ဆရာမ တွေသည် အင်္ဂလိပ်စာသင်နိုင်သော ဆရာ၊ ဆရာမ၊ သင်္ချာသင်နိုင်သော ဆရာ၊ ဆရာမ၊ စီးပွားရေး ဘာသာရပ်သင်နိုင်သော ဆရာ၊ ဆရာမတွေ၊ ပြီးရင် ရူပဗေဒတို့၊ ဓာတုဗေဒတို့၊ ဇီဝဗေဒတို့ ဒီလို သင်နေတဲ့အခါမှာလည်း ဆရာ၊ ဆရာမရဲ့ အထူးပြုဘာသာရပ်နဲ့ သင်နေတာတွေနဲ့ မကိုက်တာ တွေလည်း အများကြီး ရှိပါတယ်။

ဒါတွေကသာတကယ့်လက်တွေ့ အခက်အခဲတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ကျွန်တော်တို့ အနေနဲ့ ဒီလိုအခက်အခဲတွေကိုလည်းပဲ ဖြေရှင်းပေးနိုင်မှသာ တက္ကသိုလ်ဝင်တန်း အောင်ချက် ကလည်းပဲ ချင်းပြည်နယ်မှာ မြင့်မားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုဆိုလို့ရှိရင် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့က ကျွန်တော်တို့ ဟားခါးကောလိပ်ဖွင့်ပြီးပြီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဟားခါးမြို့ပေါ်က အထက်တန်းကျောင်းတွေကိုတော့ ကျွန်တော်တို့ ဟားခါးကောလိပ်က သက်ဆိုင်ရာ ဘာသာရပ် ဆရာ၊ ဆရာမတွေက ဘာလုပ်လဲဆိုလို့ရှိရင် ကျောင်းသား၊ ကျောင်းသူတွေရော၊ ဆရာ၊ ဆရာမတွေရော၊ ကျွန်တော်တို့ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး ဟောပြောပို့ချပါတယ်။ ပြီးရင်ကျွန်တော်တို့ ထန်တလန်လိုနေရာမျိုး နီးစပ်ရာဒေသတွေကိုလည်းပဲ ကျွန်တော်တို့ နီးစပ်ရာ

ဟားခါးကောလိပ်တို့၊ နီးစပ်ရာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်တို့ကနေ ကျွန်တော်တို့ အောင်ချက်မြင့်မားရေးဟောပြောပွဲတွေကိုလည်းပဲ ဒီလိုမျိုး ဆောင်ရွက်ပေးပါတယ်။

ဒါကြောင့်မို့လို့ ချင်းပြည်နယ်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အထက်တန်းပြ ဘာသာရပ်အလိုက် (၁၄၃)နေရာ လစ်လပ်တာကိုတော့ ကျွန်တော်တို့အနေနဲ့ ဒါကိုတော့ သေသေချာချာ စိစစ်ပြီး ဆောင်ရွက်ပေးသွားပါမယ်။ ဒီ(၁၄၃)နေရာကိုလည်း အလယ်တန်းပြကနေ အထက်တန်းပြ ခန့်လိုက်တယ်။ ခန့်လိုက်တာပဲ ရှိမှာပါ။ အဲဒီ ဆရာ၊ ဆရာမ အထက်တန်းပြ ကောင်းကောင်း သင်နိုင်ဖို့ဆိုတာ ဆက်လက်ပြီး ခက်ခဲနေဦးမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ အထက်တန်းပြဆရာ၊ ဆရာမတွေကိုလည်းပဲ သေသေချာချာလေး အရည်အသွေး ပြည့်မီဖို့အတွက်ကိုလည်း မွမ်းမံသင်တန်းတွေပေးပြီး ဆက်လက်ပြီး စနစ်တကျ ကျွန်တော်တို့ ဆောင်ရွက်သွားပါမယ်။ ကျွန်တော် Power point လေး ကျေးဇူးပြုပြီး အသုံးပြုခွင့်ပေးဖို့ တင်ပြ လိုပါတယ်။ Next Slide Please ဒါကြောင့်မို့လို့ အထက်တန်းပြ ရာထူးခန့်ဖို့ဆိုရင်တော့ ကျွန်တော်တို့ သတ်မှတ်မူသည် ဘာရှိလဲဆိုရင်တော့ အထက်တန်းပြသည် အလယ်တန်းပြ သို့မဟုတ် မူလတန်း ကျောင်းအုပ်မှာ B.Ed ဘွဲ့ရပြီးတော့ လုပ်သက်အနည်းဆုံး(၂) နှစ်ရှိရမှာ ဖြစ်ပါတယ်။

ပြီးရင်ကျွန်တော်တို့ မဟာသိပ္ပံ၊ မဟာဝိဇ္ဇာဘွဲ့ရရှိတဲ့ အလယ်တန်းပြ၊ မူလတန်းကျောင်းအုပ် ဆိုရင်တော့ လုပ်သက် (၆)လပြည့်ပြီးတဲ့သူတွေကို ကျွန်တော်တို့ အထက်တန်းပြယာယီပေးမယ်။ ပြီးရင် B.Ed ဘွဲ့ရလို့ရှိရင် အထက်တန်းပြအဖြစ်အတည်ပြုခန့်ထားမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့ အခါမှာ ကျွန်တော်တို့အနေနဲ့ လုပ်သက်ရမှတ်ကြီးငယ်စဥ်အလိုက်ပဲ ကျွန်တော်တို့ ဆန္ဒပြုတဲ့သူတွေကို ကျွန်တော်တို့ တန်းစီဇယားဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဥပမာအနေနဲ့ တင်ပြရလို့ရှိရင် ချင်းပြည်နယ်အတွင်းထဲမှာရှိတဲ့ အထက်တန်းပြဆရာ၊ ဆရာမ လစ်လပ်တဲ့ရာထူး အတွက်ကို အလယ်တန်းပြတွေကနေ လျှောက်ထားမယ်ဆိုလို့ရှိရင် မူအုပ်တွေက ဒီသတ်မှတ်ချက် တွေနဲ့(၁)နဲ့(၂)ကအရ ကိုက်ညီမယ်ဆိုလို့ရှိရင် ကျွန်တော်တို့တန်းစီဇယားလုပ်မယ်။ အဲဒီတန်းစီဇယား ကို ပြည်ထောင်စုရဲ့တန်းစီဇယားမှာ ကျွန်တော်တို့ ပေါင်းထည့်လိုက်ပါတယ်။ အဲဒီလို ထည့်လိုက်တဲ့ အခါမှာ ပြည်ထောင်စုရဲ့တန်းစီဇယားမှာ ကျွန်တော်တို့ ဘာဖြစ်မလဲဆိုလို့ရှိရင် လုပ်သက်ရမှတ် ကြီးငယ်စဥ်အရ ကျွန်တော်တို့ ပြည်ထောင်စုတန်းစီဇယားရမှာ ဖြစ်ပါတယ်။ အဲဒီ ပြည်ထောင်စု တန်းစီဇယားကိုမှ ကျွန်တော်တို့ ဘာလုပ်လဲဆိုလို့ရှိရင် ချင်းပြည်နယ်အတွင်းထဲက အဆိုပြုတဲ့သူ တွေက ပြည်ထောင်စုရဲ့တန်းစီဇယားထဲမှာရှိသော ကြီးငယ်စဥ်အလိုက် စာရင်းထွက်လာမယ်။

ပြီးလို့ရှိရင် ချင်းပြည်နယ်အတွင်းထဲမှာ အဆိုပြုတဲ့သူတွေထဲကမှ ကျွန်တော်တို့ခုနတုန်းက တန်းစီဇယားအရ ဆောင်ရွက်လိုက်တဲ့အခါမှာ ဆိုလို့ရှိရင် အဆိုပြုတဲ့သူတွေထဲကမှချင်းပြည်နယ်အတွက် လစ်လပ်တဲ့သူတွေအတွက် ဘာလဲဆိုလို့ရှိရင် အဆိုပြုတဲ့သူတွေထဲက တန်းစီဇယားအရ ကျွန်တော်တို့ ခန့်ထားဖို့အတွက် လျာထားတဲ့စာရင်းရမှာဖြစ်ပါတယ်။ အဲဒီတော့ ချင်းပြည်နယ်ထဲက အဆိုပြုတဲ့သူတွေ သည် ပြည်ထောင်စုရဲ့တန်းစီဇယားထဲမှာရှိနေတဲ့ အစဥ်အလိုက်ကို ပြည်ထောင်စုရဲ့ကြီးငယ်စဥ် အလိုက်မှာ ကျွန်တော်တို့ ဒါ တစ်ခုထွက်လာမယ်။

နောက်တစ်ခုသည် ချင်းပြည်နယ်အတွင်းထဲမှာ ခန့်ထားဖို့အတွက် လျာထားတဲ့သူတွေ ကျွန်တော်တို့ ထွက်လာမှာဖြစ်ပါတယ်။ Next Slide Please အဲဒါကို ကျွန်တော်တို့အနေနဲ့ ဘာလုပ်မလဲဆိုလို့ရှိရင် လုပ်သက်ရမှတ်အလိုက် အထူးပြုဘာသာရပ်ကိုက်ညီမှု၊ လုပ်သက်ရမှတ် တူရင်တော့ တစ်ဆင့်နိမ့်ရာထူး စတင်ထမ်းဆောင်တဲ့ရက်၊ ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူ၊ B.Ed ဘွဲ့ရရှိတဲ့ခုနှစ်အလိုက် ကျွန်တော်တို့ တန်းစီဇယားပြုစုတာ ဖြစ်ပါတယ်။ Next Slide, Please အဲဒီလိုထွက်လာရင်တော့ ခုနတုန်းက ကျွန်တော်တင်ပြတဲ့ တန်းစီဇယားနှစ်ခုကို ကျွန်တော်ဘာလုပ်မလဲ ဆိုလို့ရှိရင် ပညာရေးဝန်ကြီးဌာနကနေ ပြည်နယ်အစိုးရအဖွဲ့ကို ကျွန်တော်တို့ ဘာလုပ်မလဲဆိုလို့ရှိရင် သဘောထားမှတ်ချက်ရယူမှာဖြစ်ပါတယ်။ ဒီပြည်နယ်ထဲကို ဒီလျာထားတဲ့သူတွေအတွက် ကျွန်တော်တို့ကို သဘောတူ/မတူပေါ့။ ဒါပေမဲ့ ဒါနောက်နှစ်အတွက်ကတော့ ကျွန်တော်တို့ ဒီလိုလုပ်ဖို့အတွက် အချိန်သည် နည်းနည်းလေး မလုံလောက်မှု ဖြစ်နေတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့တော့ အခု ကျောင်းစာမေးပွဲတွေလည်း ဖြေနေပြီဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ကျောင်းအုပ်ကြီးတွေ၊ အထက်တန်း၊ အလယ်တန်း ကျောင်းအုပ်တွေ၊ ပြီးရင် T.E.O ရာထူးတွေကိုတော့ သိရှိနိုင်ရန်ဆိုပြီးတော့ ခုနတုန်းက သူ့ရဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တန်းစီဇယားအရရှိတဲ့သူတွေရဲ့ လျာထားစာရင်းတွေကို တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့တွေကို ပူးပေါင်းဆောင်ရွက်တဲ့အနေနဲ့ သိရှိနိုင်ရန်ဆိုပြီးတော့ ကျွန်တော်ပေးပို့ပါတယ်။ နောက် ဧပြီ၊ မေမှာ ဆောင်ရွက်မယ့် အထက်တန်းပြရာထူး၊ အလယ်တန်းပြရာထူး၊ မူလတန်းပြရာထူး၊ ရာထူးတိုးပြောင်းတွေ အတွက်ကိုတော့ ဒီလိုမျိုးတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေ အပေါ်မှာ သဘောထားမှတ်ချက်ရယူပြီးတော့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဖြစ်နိုင်မယ် ဆိုရင်တော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေဆီကလည်း ကျွန်တော်တို့ သဘာထားမှတ်ချက်ကလေးတွေ ရယူပြီးတော့ ကျွန်တော်တို့အနေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဲဒီလိုမျိုး ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင်တော့ ကျွန်တော်တို့ ဘာဖြစ်မလဲဆိုလို့ရှိရင် ဆရာ၊ ဆရာမတွေကို အရည်အသွေးမြင့်မားရေးသင်တန်းတွေ နွေရာသီကာလမှာ ပေးဖို့လိုပါတယ်။ ဘာသာရပ် အရည်အသွေးမြင့်မားရေး မွမ်းမံသင်တန်းတွေ ပေးဖို့လိုပါတယ်။ ဘာသာရပ်ကိုက်ညီစွာနဲ့ သင်ကြား၊ သင်ယူနိုင်ရေးကိုတော့ ကျွန်တော်တို့ အလေးထားပြီးတော့ အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက် ပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ချင်းပြည်နယ်မှာ S.A.T အရေအတွက် လိုအပ်နေတာတွေကို တော့ ကျွန်တော်တို့အနေနဲ့ ပိုမိုလိုအပ်နေတဲ့ ဆရာ၊ ဆရာမတွေကို ခုနတုန်းက အထက်ပါ တင်ပြတဲ့ အတိုင်း ကျွန်တော့်အနေနဲ့ ပြည်နယ်အစိုးရအဖွဲ့နဲ့ရော ကျွန်တော်ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါ ကြောင်းနှင့် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အတွက်ကိုတော့ ဟားခါးကောလိပ်နဲ့ နီးစပ်ရာ တက္ကသိုလ်တွေကနေပြီးတော့မှ ကျွန်တော်တို့ ပြီးခဲ့တဲ့တစ်ပတ်ဆိုရင်လည်း စနေ၊ တနင်္ဂနွေကပဲ ကျွန်တော်တို့ ဟားခါးကောလိပ် ကနေပြီးတော့မှ အင်္ဂလိပ်စာရယ်၊ သင်္ချာရယ် ပြီးလို့ရှိရင် မုံရွာစီးပွားရေး တက္ကသိုလ် ကနေပြီးတော့မှ စီးပွားရေးဘာသာရပ်ကို ဒါသွားပြီးတော့မှ ဒါ ထန်ထလန် အ.ထ.က(၁)မှာ သွားရောက်ပြီးတော့မှပို့ချပေးတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလိုလည်းပဲ တက္ကသိုလ်ဝင်တန်း

အောင်ချက်မြင့်မားရေး အတွက်ကိုလည်းပဲ အလေးထားစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ကျွန်တော့် အနေနဲ့ ဥက္ကဋ္ဌကြီးကနေ လေးစားစွာ တင်ပြအပ်ပါတယ်။

စတုတ္ထမေးခွန်းအနေနဲ့ မန္တလေးတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်အုန်းကြည် ရဲ့ မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်) မှာဆိုလို့ရှိရင် ကျွန်တော်တို့ THS (၂)ကျောင်းရှိပါတယ်။ ပြီးရင် ကျွန်တော်တို့ GTI (၁)ကျောင်း ကျောက်ဆည်မှာဆိုလို့ရှိရင် ဖွင့်လှစ်ထားလျက် ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒေသလိုအပ်ချက်နဲ့ ကိုက်ညီတဲ့ ကာလတိုသက်မွေးပညာ သင်တန်းတွေကို ကျွန်တော်တို့ အစိုးရနည်းပညာ အထက်တန်းကျောင်း၊ ရှမ်းရွာကြီးမှာ ဒေသလိုအပ် ချက်နဲ့ကိုက်ညီတဲ့ကာလတို သက်မွေးပညာသင်တန်းတွေကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာန၊ နည်းပညာနဲ့သက်မွေး၊ ပညာရေးနဲ့ လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ဒါးရယ်ကောင်းကျေးရွာအုပ်စုမှာရှိတဲ့ အစိုးရနည်းပညာအထက် တန်းကျောင်းမှာတော့ ကျွန်တော်တို့ သက်မွေးပညာဆိုင်ရာသင်တန်းတွေကိုတော့ TVET ကဏ္ဍမှာ အားလုံးသိတဲ့အတိုင်းပါပဲ။ ကျွမ်းကျင်လုပ်သားလိုအပ်ချက်အရ THS တွေ GTI တွေ အားလုံးဟာ အရေးကြီးပါတယ်။ THS တွေ GTI သည် လောလောဆယ် ကျွန်တော်တို့ (၅၉)ခု တစ်နိုင်လုံးမှာ ဖွင့်လှစ်ထားပါတယ်။ တစ်နိုင်ငံလုံးမှာ THS တွေ GTI တွေမှာ သင်တန်းဆရာလိုအပ်လျက် ရှိပါတယ်။ ယခုလောလောဆယ် သင်တန်းပို့ချပေးနေတဲ့ သင်တန်းဆရာတွေဟာလည်း B.E, M.E ဘွဲ့ရတွေကို လတ်တလော ဖြေရှင်းတဲ့အနေနဲ့ ကျွန်တော်တို့တာဝန်ပေးပြီးတော့မှ သင်တန်းပို့ချပေးနေတာ ဖြစ်ပါတယ်။ အဲဒီလို သင်တန်းဆရာတွေ လိုအပ်လျက်ရှိသလို သင်ထောက်ကူပစ္စည်းတွေလည်း လိုအပ်နေပါတယ်။ သင်တန်းဆောင်တွေလည်း လိုအပ်လျက်ရှိပါတယ်။ Workshop တွေလည်း လိုအပ်လျက်ရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်တွေ၊ ဆရာ၊ ဆရာမနဲ့ ဝန်ထမ်းအိမ်ရာတွေ လည်းလိုအပ်ချက်တွေ အများကြီး ရှိနေပါတယ်။

ဒါကြောင့်မို့လို့ လိုအပ်ချက်တွေ အများကြီး ရှိနေတဲ့အတွက် ဒါးရယ်ကောင်းကျေးရွာမှာတော့ ကျွန်တော်တို့ လောလောဆယ် ဒီ THS ကျောင်းကို ဖွင့်လှစ်ပေးဖို့အတွက်တော့ ကျွန်တော်တို့အနေနဲ့ အစီအစဉ်မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ ဆောက်လုပ်ပြီးတဲ့ သင်တန်းကျောင်းဆောင်တွေ၊ ဝန်ထမ်းအိမ်ရာတွေကိုတော့ အကျိုးရှိစွာ အသုံးချဖို့အတွက်ကိုတော့ ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး အစိုးရအဖွဲ့တွေနဲ့ ကျွန်တော်တို့အနေနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမယ်လို့ ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြအပ်ပါတယ်။ လောလောဆယ်တော့ TVET ကဏ္ဍမှာ ကျောင်းသား၊ ကျောင်းသူ (၁၅၀၀၀)လောက်ပဲ TVET သင်တန်းပေးနိုင်တဲ့ အတွက်ကြောင့်မို့လို့ သင်ယူမှုအခွင့်အလမ်းနဲ့ အရည်အသွေးမြင့်မားရေး အတွက်ကို ကျွန်တော်တို့အနေနဲ့ အများကြီး ကြိုးပမ်းဆောင်ရွက်သွားရဦးမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့လည်းပဲ လိုအပ်လျက်ရှိတဲ့ လုပ်သားဈေးကွက်နဲ့ ကိုက်ညီတဲ့ သင်တန်းသားတွေ ပြုစုပျိုးထောင်နိုင်ရေးအတွက်ကိုလည်း UMFCCI၊ စက်မှုဇုန်၊ လုပ်ငန်းရှင်များ၊ (Development Partners) များနဲ့လည်း လိုအပ်လျက်ရှိတဲ့ လုပ်သားဈေးကွက်အပေါ်မှာ မူတည်ပြီးတော့မှ စနစ်တကျနဲ့ တိုးချဲ့ အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့အတွက်ကိုလည်းပဲ အလေးထားပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်။

ပဉ္စမမေးခွန်းအနေနဲ့ ချင်းပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် ရဲ့ မေးခွန်းအား တင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မှန်ပါတယ်။ ကျွန်တော်တို့ နေပြည်တော်ကောင်စီမှာ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် မရှိသေးပါဘူး။ နေပြည်တော်ကောင်စီနယ်မြေမှာ လောလောဆယ်အနေနဲ့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရယ်၊ သစ်တောတက္ကသိုလ်ရယ်၊ မွေးမြူရေးဆိုင်ရာတက္ကသိုလ်ရယ် (၃)ခုပဲ ကျွန်တော်တို့ ရှိပါသေးတယ်။ ဒါကြောင့်မို့လို့ နေပြည်တော်နယ်မြေမှာရှိတဲ့ ကျောင်းသား၊ ကျောင်းသူတွေဟာဆိုလို့ရှိရင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေဟာ တောင်ငူနဲ့ မိတ္ထီလာမှာ တက်ရောက်ပညာသင်ယူနေရပါတယ်။ ဒါကြောင့်မို့လို့လည်းပဲ ကျွန်တော်တို့ ဒီနေပြည်တော်ကောင်စီနယ်မြေမှာ တက္ကသိုလ်တစ်ခု ဖွင့်လှစ်ဖို့အတွက်ဆိုတာ ကျွန်တော်တို့ မြေနေရာရရှိဖို့၊ အဆောက်အဦတည်ဆောက်ဖို့၊ သင်ကြားရေးနဲ့ စီမံခန့်ခွဲရေးကိစ္စတွေ၊ ခွင့်ပြုဘဏ္ဍာရေး ရန်ပုံငွေရရှိဖို့၊ ဖွဲ့စည်းပုံကိစ္စတွေ စတာတွေကို စနစ်တကျနဲ့ စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကို ဖြေဆိုနိုင်ရေးအတွက်လည်း နေပြည်တော်ကောင်စီထံကို ကျွန်တော်တို့အနေနဲ့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့က စာအမှတ် ၅/၁-၆(၀၂၃၉)/ ဦး ၅ နဲ့ နေပြည်တော်ကောင်စီနယ်မြေမှာ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ သင်ကြား၊ သင်ယူနိုင်တဲ့ တက္ကသိုလ်(၁)ခု ဖွင့်လှစ်နိုင်ရန် ကိစ္စနဲ့ပတ်သက်ပြီးတော့မှ လက်ရှိအခြေအနေမှာ ကျွန်တော်တို့အနေနဲ့ နေပြည်တော်ကောင်စီကို သဘောထားမှတ်ချက် တောင်းခံတဲ့အခါမှာတော့ စီစဥ်ဆောင်ရွက်ထားခြင်း မရှိသေးကြောင်း ကျွန်တော်တို့ကို ပြန်ကြားလာပါတယ်။ ဒါကြောင့်မို့လို့ နေပြည်တော်ကောင်စီမှာလည်းပဲ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်လိုအပ်တယ်ဆိုတာ ကျွန်တော်တို့အမှန်ပဲဖြစ်ပါတယ်။

ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် လိုအပ်တာ မှန်သော်လည်းပဲ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွေက သပ်သပ်၊ နည်းပညာတက္ကသိုလ်တွေက သပ်သပ်၊ ကွန်ပျူတာတက္ကသိုလ်တွေက သပ်သပ်၊ ဆေးတက္ကသိုလ်တွေက သပ်သပ်၊ စိုက်ပျိုးရေးတက္ကသိုလ်တွေက သပ်သပ် ဒါဆိုရင်တော့ ကျွန်တော်တို့ တက္ကသိုလ်တွေဟာ Comprehensive University တွေ ဖြစ်ဖို့အတွက် အင်မတန်ခက်ခဲမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ နောင်မှာတက္ကသိုလ်တွေကို ဖွင့်လှစ်ဆောင်ရွက်ဖို့ဆိုလို့ရှိရင်တော့ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်ရော၊ နည်းပညာရော၊ ကွန်ပျူတာရော၊ ကျန်တာက ဒေသအတွက် လိုအပ်မယ့် ဘာသာရပ်အတွက်ဟာတွေကိုရော ကျွန်တော်တို့အနေနဲ့ ဒါတွေကိုရော အားလုံးပါဝင်တဲ့ တက္ကသိုလ်တွေ အနေနဲ့ကတော့ ဒါကိုတော့ ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နဲ့ နေပြည်တော်ကောင်စီတို့နဲ့ ကျွန်တော်တို့အနေနဲ့ ပူးပေါင်း ဆောင်ရွက်သွားမယ် ဆိုတာလေးကို လေးစားစွာ တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ လောလောဆယ်မှာတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာတော့ နေပြည်တော်ကောင်စီနယ်မြေမှာ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်(၁)ခု ဖွင့်လှစ်ပေးဖို့အတွက် အစီအစဉ် မရှိသေးပါဘူး။ ဘယ်တော့ဖွင့်မှာလဲလို့ မေးမယ်ဆိုလို့ရှိရင်တော့ ကျွန်တော် အဲဒါအဖြေပေးဖို့ဆိုတာသည် ကျွန်တော်တို့အနေနဲ့ မြေနေရာရရှိဖို့၊ အဆောက်အဦတည်ဆောက်ဖို့ဆိုတာ လက်ငင်းချက်ချင်း အခုဒီနှစ်ချက်ချင်းအဆိုပြု နောက်နှစ်ဖွင့်လို့ရတဲ့ အခြေအနေမှာ မရှိဘူးဆိုတာလေးကိုတော့ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျွန်တော့်အနေနဲ့ ဒါလေးကိုတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့် မေးခွန်းသည် မှန်သော်လည်းပဲ ကျွန်တော်တို့အနေနဲ့ ဒါချက်ချင်းကြီး ဘယ်တော့နှစ်ဆောင်ရွက်မှာလဲလို့ မေးမယ်ဆိုရင်တော့ အင်မတန်အခက်အခဲ ရှိပါတယ်ဆိုတာလေးကို ကျွန်တော့်အနေနဲ့ ဒါအလေးအနက်ထားပြီးတော့မှ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော့်အနေနဲ့ လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုအထူးပဲကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) (ဥက္ကဋ္ဌ၊ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)က မြန်မာ့ကျောက်မျက်ရတနာဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆို တင်သွင်းခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့တွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးကျော်သီဟ က မြန်မာ့ ကျောက်မျက် ရတနာဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခဲ့ပါတယ်။ ယင်းနေ့အစည်းအဝေး၌ပင် လွှတ်တော်ကလက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ဥက္ကဋ္ဌက ကြေညာခဲ့ပါတယ်။

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရာမှာ လက်ရှိအခြေအနေတွင် မူလဥပဒေနှင့် ထပ်ဆင့်ပြင်ဆင်သည့် ဥပဒေနှစ်ရပ်၊ စုစုပေါင်း တည်ဆဲဥပဒေ(၃)ရပ် တည်ရှိနေပြီး ယခုတတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြဋ္ဌာန်းခဲ့မည်ဆိုပါက မြန်မာ့ကျောက်မျက်ရတနာဥပဒေကို လေ့လာလိုက်နာကျင့်သုံးရာတွင် အခက်အခဲရှိမည်ဖြစ်၍ လက်ရှိဥပဒေကို ထပ်မံပြင်ဆင်ခြင်း မပြုတော့ဘဲ ပြည့်စုံသည့် ဥပဒေအသစ်တစ်ရပ် ထပ်မံရေးဆွဲပြဋ္ဌာန်းသင့်ကြောင်း တင်ပြထားပါတယ်။

ထို့အပြင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟ ကလည်း လွှတ်တော်သို့ အဆိုတင်သွင်းခဲ့ပြီးသော မြန်မာ့ကျောက်မျက်ရတနာဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြန်လည် ရုပ်သိမ်းခွင့်ပြုပါရန် ဥက္ကဋ္ဌထံသို့ ၁၃-၂-၂၀၁၇ ရက်စွဲပါစာဖြင့် တင်ပြထားပါတယ်။

ဒါကြောင့် ဦးကျော်သီဟ က မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခဲ့ခြင်းကို ပြန်လည် ရုပ်သိမ်းခွင့်ပြုပါရန် အမျိုးသားလွှတ်တော်သို့ တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော်၊ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ကော်မတီဥက္ကဋ္ဌဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးကျော်သီဟ သည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ဒုတိယပုံမှန် အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အား လွှတ်တော်မှ လက်ခံဆွေးနွေးပေးပါရန် အဆိုကို ၂၂-၉-၂၀၁၆ ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ၁၉၉၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီးတော့မှ ပုဒ်မ(၅၄)ခု ပါပါတယ်။

မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကို ၂၀၀၃ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီး ပြင်ဆင်ချက် (၉)ချက် ပါဝင်ပါတယ်။ ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကို ၂၀၁၆ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီး ပြင်ဆင်ချက်အနေနဲ့ (၉၄)ချက် ပါဝင်ခဲ့ပါတယ်။ အခုကျွန်တော်တင်သွင်းတဲ့ တတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခဲ့ရာမှာလည်းပဲ ပြင်ဆင်ချက်(၁၉)ချက်အထိ ထည့်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။ အခုအခါ အဆိုပါ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုဆောင်ရွက်ခဲ့မယ်ဆိုလို့ရှိရင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို လေ့လာခြင်း၊ လိုက်နာကျင့်သုံးခြင်းတို့ ပြုလုပ်ရာမှာ မူလဥပဒေ၊ ထပ်ဆင့်ပြင်ဆင်တဲ့ ဥပဒေ(၃)ရပ်၊ စုစုပေါင်း တည်ဆဲဥပဒေ(၄)ရပ် တစ်ပြိုင်နက်တည်း လေ့လာဆောင်ရွက်ရန် အခက်အခဲတွေရှိနိုင်ပါတယ်။ ဒါကြောင့် မူလဥပဒေမှာ ပါပြီးတော့ မျက်မှောက်ကာလအထိ အတည်ဖြစ်နေတဲ့ ပုဒ်မတွေ၊ ပြင်ဆင်တဲ့ ဥပဒေနဲ့ ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေမှာပါတဲ့ ပုဒ်မတွေ၊ တတိယအကြိမ် ပြင်ဆင်ရန် တင်ပြထားတဲ့ အပိုဒ်တွေကို တစ်ဆက်တစ်စပ်တည်း ထုတ်နုတ်စုစည်းပြီး သီးခြားဥပဒေကြမ်းတစ်ရပ်အဖြစ် လွှတ်တော်ကို ထပ်မံတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အဆိုပါ ဥပဒေသစ်ကို အတည်ပြုပြဋ္ဌာန်းချိန်မှာလည်း မလိုလားအပ်တော့တဲ့ ဥပဒေများကို တစ်ပါတည်း ရုပ်သိမ်းခွင့်ပြုပါရန် တင်ပြရန် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်မှာ အဆိုတင်သွင်းပြီးဖြစ်တဲ့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လုပ်ထုံးလုပ်နည်းများနဲ့အညီ ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အဆို တင်သွင်းခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ကျောက်မျက် ရတနာဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အဆိုတင်သွင်းသူ ဦးကျော်သီဟတို့က အဆိုပါ ဥပဒေကြမ်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် တင်ပြလာခြင်းကို လွှတ်တော်၏ သဘောထားရယူမှာဖြစ်ပါ တယ်။

မြန်မာ့ကျောက်မျက် ရတနာဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြန်လည် ရုပ်သိမ်းခွင့်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးကျော်သီဟ အဆိုတင်သွင်းခဲ့သည့် မြန်မာ့ကျောက်မျက် ရတနာ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ပြန်လည် ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ ရုပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို ရုပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၁၄ နာရီ အချိန်တွင် ရုပ်နားပါသည်။]